# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၂)ရက် ၊ တနင်္ဂနွေနေ့ ၊ (1-10-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၅၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခဲ့သည့် ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုး ဦးဆောင်သည့်အဖွဲ့က လာရောက်တွေ့ဆုံနှုတ်ဆက်

## ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းမှုရရှိရေး၏ ခြေလှမ်းသစ်တစ်ခုကို စတင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခဲ့သည့် ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုး ဦးဆောင်သည့်အဖွဲ့ကို လက်ခံတွေ့ဆုံပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကရင်တိုင်းရင်းသား ခေါင်းဆောင် စောမူတူးစေးဖိုး ဦးဆောင်သည့် အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ **စာမျက်နှာ ၁၆ ကော်လံ ၁** သို့




ရတနာပုံ
၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်
အယ်ဒီတာ့အာဘော်

# သက်ကြီးသူများ၏ စွမ်းအားများကို အလေးထား

ကျန်းမာအသက်ရှည်သော သက်ကြီးသူများ များပြားလာခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည့်အတွက် နှစ်စဉ် အောက်တိုဘာ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အဖြစ် ကမ္ဘာတစ်ဝန်း သတ်မှတ်ကျင်းပကြသည်။ ကမ္ဘာတစ်ဝန်းရှိ သက်ကြီးရွယ်အိုများ ရင်ဆိုင်ကြုံတွေ့နေရသည့် ဆင်းရဲပင်ပန်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးအထီးကျန်ဆန်မှုတို့ကို လူ့အဖွဲ့အစည်းသို့ သိရှိလွှဲဆော်ပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ ၁၉၉၂ ခုနှစ်မှစ၍ စတင်ကျင်းပလာခဲ့ကြခြင်း ဖြစ်ပါသည်။

သက်ကြီးရွယ်အိုများစွာကို လူ့အဖွဲ့အစည်း၏ အဖိုးတန်ပိုင်ဆိုင်မှုတစ်ခုအဖြစ် ရှုမြင်မှုများ မြင့်တက်စေရန် ကုလသမဂ္ဂအဖွဲ့ကြီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သက်ကြီးသူဘိုးဘွားများ၏ အသိပညာဗဟုသုတများ၊ စွမ်းဆောင်ချက်များနှင့် ဘဝကိုအားမာန်အပြည့်ဖြင့် ဖြတ်ကျော်လျှောက်လှမ်းခဲ့မှုအတွေ့အကြုံများသည် ငယ်ရွယ်သူအားလုံးအတွက် အသိပညာကောင်းကျိုးအထွေထွေကို ရရှိစေသည်။ ရှောင်လွှဲမရသော ဇရာချဉ်း၍ အိုမင်းရင့်ရော်သည့်တိုင်အောင် ငါမအိုသေးဟူသောစိတ်ဓာတ်ဖြင့် လူအများကို ရဲရဲဝံ့ဝံ့စွမ်းရည်ပြခဲ့သော အတုယူဖွယ် သက်ကြီးရွယ်အိုတစ်ဦးမှာ အလောင်းစည်သူမင်းကြီးဖြစ်ပါသည်။

ပုဂံခေတ်ကာလက အလောင်းစည်သူမင်းကြီးသည် ဗိုလ်ရွှေသဘင်တစ်ခု၌ လက်ရုံးဆန့်တန်းပြီး ကြုံးဝါးမိသည်။ မင်းကြီးမှာ အိုမင်းနေပြီဖြစ်၍ လက်မောင်းသားများတွဲပြီး လက်ပျဉ်းကျနေသည်ကို မြင်သည့် မှူးမတ်တို့က ကျိတ်ရယ်ကြသည်။ ထိုအခါ မင်းကြီးက တုရွှင်းတောင်ခြေမှာ သောင်းကျန်းနေသော ဦးပေါင်းကျားနှင့် မြင်းကျားရှင်ကို ရအောင်ဖမ်းရမည်ဟု စစ်သူကြီး လေးယောက်ကို အမိန့်ပေးခဲ့သည်။ စစ်သူကြီးလေးယောက် တုရွှင်းတောင်ခြေသို့ရောက်သောအခါ အလောင်းစည်သူမင်းကြီး တစ်ဖြစ်လဲ ဦးပေါင်းကျားနှင့် မြင်းကျားရှင်က စစ်သူကြီးလေးယောက်ကို ရင်ဆိုင်တိုက်ခိုက်သည်။ လေးဦးပိတ်ဆို့မှုကို တစ်ဦးတည်းဖြင့် ရဲဝံ့စွာဖောက်ထွက်ပြေးပြီး မြင်းရေးပင် ကစားပြလိုက်သည်။ စစ်သူကြီးလေးယောက်မှာ အလွန်ကြောက်လန့်သွားပြီး နောက်တစ်နေ့ ညီလာခံတွင် မိမိတို့ လေးယောက်အားဖြင့်ပင် မဖမ်းနိုင်ကြောင်း မင်းကြီးကို လျှောက်တင်ကြသည်။ ထိုအခါ အလောင်းစည်သူမင်းကြီးက အမတ်တို့ကို ငါမအိုသေးဟု မိန့်ကြားလျက် ဦးပေါင်းကျားနှင့် မြင်းကျားရှင် ဆိုသူမှာ မိမိကိုယ်တိုင်ဖြစ်ကြောင်း အသိပေးခဲ့ပေသည်။ ဤဖြစ်ရပ်၌ သက်ကြီးရွယ်အိုပင်ဖြစ်လင့်ကစား ငါမအိုသေး စိတ်ဓာတ်ရှိနေပါက ဘဝလက်ကျန်အချိန်များကို အားငယ်စရာ၊ စိတ်ပျက်စရာအတွေးများနှင့် ရှင်သန်ခြင်းမဟုတ်ဘဲ လက်ကျန်ချိန် ရှေ့ခရီးကို စံနမူနာယူမှတ်ဖွယ်ရာ အကောင်းဆုံးဖြစ်အောင် ဖြတ်သန်းနိုင်ကြောင်း အတုယူဖွယ်တစ်ခုပင် ဖြစ်ပါသည်။

သက်ကြီးရွယ်အိုဘဝကို ရောက်နေပါသော်လည်း မိမိ မိသားစုအတွက်၊ ရပ်ရွာအတွက်၊ နိုင်ငံတော်အတွက်၊ ကမ္ဘာကြီးအတွက် အကျိုးပြုနိုင်သေးသူများဖြစ်အောင် သက်ကြီးသူတို့၏ စွမ်းအားများဖြစ်သည့် ဘဝအတွေ့အကြုံ၊ အသိပညာများကို လူငယ်များထံသို့ တတ်စွမ်းသရွေ့ လက်ဆင့်ကမ်း မျှဝေကြရပါမည်။ သက်ကြီးသူတို့၏ စွမ်းအားများဖြင့် နိုင်ငံတော်တည်ဆောက်ရေးဖြစ်စဉ်များတွင် အခွင့်အလမ်းတစ်ခုအဖြစ် ဖန်တီးအသုံးချနိုင်ရေး လူ့ဘောင်ကောင်းကျိုးများကို အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်ဖော်ဆောင်ပေးနိုင်ရေးတို့ကို သက်ဆိုင်သူများနှင့်အတူ အလေးထား ပူးပေါင်းဖြည့်ဆည်းပေးကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၁၈၃၁၅ ဦး လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် စောင်းတန်းလေးသွယ်ကနေလဲ မန္တလေးတောင်ပေါ်ကို တက်ရောက်ဖူးမြော်ကြပါတယ်။ စောင်းတန်းလမ်းခရီးမှာ အမောပြေနားဖို့ ခုံတွေပြုလုပ်ပေးထားပါတယ်။ ရေချမ်းစင်တွေလဲ ပြုလုပ်ပေးထားပါတယ်။ ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေပြီး ဖူးမြော်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်။ မန္တလေးမြို့ရဲ့ အလှအပရှုခင်းတွေကိုလဲ မှန်ဘီလူးတွေနဲ့ ကြည့်ရှုနေကြတာကို တွေ့ရပါတယ်"ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၁၃၂၅ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၂၁၄၅၅၃ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၄၃၇ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန် ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# မတ္တရာမြို့နယ် ဆင်ကျွန်းကျေးရွာတွင် စက်တင်ဘာလစတုတ္ထပတ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွား ဝင်ရောက်လည်ပတ်မှု တိုးလာ

**မန္တလေး အောက်တိုဘာ ၃၀**

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် မတ္တရာမြို့နယ် ဆင်ကျွန်းကျေးရွာတွင် စက်တင်ဘာလ စတုတ္ထပတ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဝင်ရောက်လည်ပတ်မှု တိုးလာကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးစီးဌာန ရောဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ ခရီးသွားများ လတ်တလောစိတ်ဝင်စားမှုရှိသည့် ကျေးရွာမှာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ ဆင်ကျွန်းကျေးရွာဖြစ်ကြောင်း၊ ဆင်ကျွန်းကျေးရွာ၌ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်း၊ ဆေးပေါ့လိပ်လုပ်ငန်းနှင့် ဖိနပ်လုပ်ငန်းများကို ခရီးသွားများ စိတ်ဝင်စားမှုများရှိကြောင်း သိရသည်။

"အခု ဆင်ကျွန်းကျေးရွာကို လည်ပတ်တဲ့ ခရီးသွားတွေကလဲ မတ္တရာမြို့နယ် ဧရာဝတီမြစ်အတွင်း နေထိုင်ကျက်စားနေတဲ့ ဧရာဝတီ လင်းပိုင်တွေကို သွားရောက်ကြည့်ရှုမှုတွေလဲ ရှိပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မတ္တရာမြို့နယ် ဆင်ကျွန်းကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွား ဦးရေမှာ စက်တင်ဘာလ တတိယပတ်က တစ်ရက်လျှင် ဦးရေ ၁၀၀ ကျော်သာ ဝင်ရောက်လည်ပတ်ခဲ့သော်လည်း စက်တင်ဘာလစတုတ္ထပတ်အတွင်း ဝင်ရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွား ဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၂၀ ကျော်ထိရှိလာကြောင်း သိရသည်။

"ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်ထားတဲ့ ကျေးရွာတွေကတော့ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှာက ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဉ့်ကူးမြို့နယ်အတွင်းကတော့ မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှာ ဖော်ဆောင်တာကတော့ ရွာသစ်ကျေးရွာ၊ တကောင်းကျေးရွာ၊ ရှိမ်းမကားကျေးရွာတို့ဖြစ်ပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်အတွင်း ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၃၁၀၀ ပေါက်ဈေးရှိနေ

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေး ဈေးကွက်အတွင်း ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ တစ်ပိဿာလျှင်ငွေကျပ် ၃၁၀၀ ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း စက်တင်ဘာလ နောက်ဆုံးပတ်မှစ၍ ဆိပ်ဖြူဘက်မှ ထွက်ရှိသည့် ကြက်သွန်နီများ ဆက်တိုက်အဝယ်လိုက်လျက်ရှိပြီး ဈေးကောင်းရရှိလာကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများကိုဝယ်ယူမှု များပြားကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ အခုလက်ရှိ ဆိပ်ဖြူဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကုန်သည်တွေတော်တော်များများ ဝယ်ယူနေကြတယ်။ ပြည်တွင်းဈေးကွက်ထဲမှာ ဆိပ်ဖြူဘက်ကထွက်တဲ့ကြက်သွန်နီတွေ အခုတစ်လော အရောင်းအဝယ် ပြန်ကောင်းနေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း စက်တင်ဘာလ တတိယပတ်က ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း စက်တင်ဘာ ၂၉ ရက် ပေါက်ဈေးအရ ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၁၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲ အဝင်များတဲ့အထဲမှာ မုံရွာ၊ မြစ်သားနဲ့ပခုက္ကူဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေလဲပါပါတယ်။ အဲဒီဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေလဲ ပုံမှန် အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းတုန်းမြို့နယ် စွန်သိုက်ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မင်းတုန်း ဇော်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စွန်သိုက်ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ စွန်သိုက်ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ကျေးရွာသူ၊ ကျေးရွာသားများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မင်းတုန်းမြို့နယ် စွန်သိုက်ကျေးရွာ၌ အလျားပေ ၃၂၀၊ အနံပေ ၁၂၀၊ အနက် ခြောက်ပေရှိ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၃၈ သန်းအသုံးပြုပြီး အာသာဝတီကုမ္ပဏီက ယခုနှစ် ဇူလိုင် ၁၇ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် စွန်သိုက်ကျေးရွာရှိ အိမ်ခြေ ၁၁၆ အိမ်၊ လူ ၄၅၃ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များပါ သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာ ရရှိသုံးစွဲနေပြီဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက ပြောပြ၍ သိရသည်။

**ကိုညီ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့နေ Mr. WANG KE JIN KAW JK Co., Ltd. ဒန်၊ သဇ္ဇာအရည်ကျို လုပ်ငန်းက ဆေးပဒေသာသင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းနှင့် သူနာပြု ဒေါ်ကျော့ကေသွယ်တို့က လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါ ၁၆၆၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း ဇော်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါ ၁၆၆၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါကို မိုး၊ မိုးကြို၊ မိုးနှောင်းဟူ၍ နှစ်စဉ် စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါဧက ၁၀၀၀ စိုက်ပျိုးရန်လျာထားပြီး ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၆၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်မှာ ချည်မျှင်ရှည်ဝါက ကိုယ့်ရေမြေဒေသနဲ့ ကိုက်ညီတဲ့ သီးနှံလဲဖြစ်တယ်။ တောင်သူတွေလဲ နှစ်စဉ်စိုက်ပျိုးကြတယ်။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ချည်မျှင်ဝါဧက ၁၀၀၀ စိုက်ပျိုးဖို့လျာထားတာ လက်ရှိ ၁၆၆၄ ဧက စိုက်ပျိုးနိုင်ခဲ့လို့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဝါက ပြည်တွင်းလိုအပ်ချက်ရှိပြီး ဝယ်လိုအားရှိတဲ့ သီးနှံဖြစ်ပါတယ်။ အဲဒီလို ဝယ်လိုအားရှိတာကြောင့် တောင်သူတွေအတွက်လဲ တွက်ခြေကိုက်တဲ့အတွက် အဆင်ပြေကြပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါ ၁၆၆၄ ဧကတွင် ရွှေတောင်(၁၀)မျိုး၊ ရွှေတောင်(၈)မျိုးနှင့် ငွေချည်(၆)မျိုးတို့ကို အဓိက စိုက်ပျိုးကြောင်း၊ တောင်သူအများဆုံး စိုက်ပျိုးသည့်မျိုးမှာ ရွှေတောင်(၁၀)မျိုးဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# မိုင်းဖြတ်မြို့နယ် ဟိုနားရှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် ဇော်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုနားရှမ်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၉ ရက်ညနေပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေ ပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဟိုနားရှမ်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# လေးမျက်နှာမြို့နယ် ဝတ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လေးမျက်နှာ ဇော်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝတ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူသင်းနှင့် ဝန်ထမ်းများ၊ လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် အင်ဂျင်နီယာများအဖွဲ့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဝတ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းများစံချိန်စံညွှန်းနှင့်အညီ သတ်မှတ်အချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို မှာကြားသည်။

လေးမျက်နှာမြို့နယ် ဝတ်ကုန်းကျေးရွာ၌ အရှည်ပေ ၆၂၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခုနစ်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၁၈၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ဝတ်ကုန်းကျေးရွာရှိ အိမ်ထောင်စု ၃၀၀၊ လူ ၉၁၄ ဦးတို့ လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း ဟင်္သာတခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းမိုး**



# သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်ကြပါစို့

> ❖ ပြိုင်ဆိုင်မှုများ ဈေးကွက်အတွင်း၌ရှိနေခြင်းက ဝယ်ယူစားသုံးသူများအတွက် အကျိုးကျေးဇူးများရရှိသည်။ အထူးသဖြင့် စားသောက်ကုန်ကဏ္ဍကိုကြည့်လျှင် အမျိုးအစားအသစ်များ၊ အရည်အသွေး အသစ်အဆန်းများ၊ ထုပ်ပိုးပုံမှအစ အသစ်အဆန်းများကို အချိန်တိုင်းတွေ့နေရသည်။ တန်ဖိုးမြှင့်ထုတ်ကုန်များကိုလည်း အမျိုးမျိုးတွေ့နေရသည်မှာ ပြိုင်ဆိုင်မှုပြင်းထန်သောကြောင့်ဖြစ်သည်။ ဝန်ဆောင်မှုအပိုင်းတွင်လည်း သူ့ထက်ငါကောင်းစေရန် ကြိုးပမ်းဆောင်ရွက်နေကြရသဖြင့် ဝယ်ယူသူများ၊ ဖောက်သည်များအတွက် အကျိုးများကို များစွာရရှိစေသည်။ ❖

စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြရာတွင် လုပ်ငန်းချင်းတူလျှင် ရန်သူဟုထင်ကြသည်။ အချို့ကမူ လုပ်ငန်းတူများ စုဝေးနေခြင်းသည် အားသာချက်ဖြစ်သည်ဟု ဆိုကြသည်။ စီးပွားရေးလုပ်ငန်းများကို ကြည့်လျှင် တူညီသောလုပ်ငန်းများ အများအပြား ရှိနေတတ်ကြသည်။ တစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်ရောင်းဝယ်နေတတ်ကြသည်။ ထိုအထဲတွင် ရှင်သန်ကျန်ရစ်သူများ၊ တိုးတက်လာသူများ အများအပြား ရှိနေတတ်သည်။ ဆုံးရှုံးသွားမှုများ၊ လုပ်ငန်းရပ်ဆိုင်းမှုများလည်း ရှိတတ်သည်။ မည်သည့်အတွက်ကြောင့် လုပ်ငန်းရပ်ဆိုင်းရသည်ဆိုသည့်အချက်များမှာ အများအပြားရှိသည်။ ထိုအချက်ပေါင်းများစွာအနက် ပြိုင်ဆိုင်မှုပြင်းထန်သဖြင့် လုပ်ငန်းများဆုံးရှုံးရခြင်းလား၊ ရပ်ဆိုင်းရခြင်းလားဆိုသည့်အကြောင်းကိုမူ သုံးသပ်ကြည့်နိုင်ပါသည်။

**ပြိုင်ဆိုင်ခြင်း**

စီးပွားရေးလုပ်ငန်းများတွင် ပြိုင်ဆိုင်မှုရှိရန်လိုအပ်သည်။ ပြိုင်ဆိုင်မှုရှိမှသာ တိုးတက်မည်ဖြစ်သည်။ ပြိုင်ဆိုင်မှုနည်းပါးလျှင် စီးပွားရေးလုပ်ငန်းကဏ္ဍတစ်ခုသည် တိုးတက်မှုနည်းပါးတတ်သည်။ သစ်တောများကိုကြည့်လျှင် အပင်အားလုံးလိုလိုသည် ကြီးထွားကြံ့ခိုင်ကြသည်ကို တွေ့ရသည်။ ထိုကဲ့သို့ အပြိုင်အဆိုင်ကြီးထွားကြံ့ခိုင်ကြခြင်းမှာ ပြိုင်ဆိုင်မှုကြောင့်ဖြစ်သည်။ သစ်ပင်များ အစုလိုက်ပေါက်ရောက်သည့်အခါတွင် နေရောင်ခြည်၊ လေနှင့် မိုးရေတို့ကိုယူ၍ ကြီးထွားလာရန် ကြိုးစားရသည်။ ထိုအခါ အပြိုင်အဆိုင်မြင့်တက်ရသဖြင့် တစ်ပင်နှင့်တစ်ပင်မှာ မြင့်တက်လာပြီး အုပ်စုလိုက်ကြီးထွားလာခြင်းဖြစ်သည်။ အပြိုင်အဆိုင်လိုက်၍ မြင့်တက်ကြီးထွားနိုင်မှုမရှိသောအပင်များမှာ သေးငယ်သွားကြပြီး သေဆုံးသွားတတ်သည်။ ထိုကဲ့သို့ပင် စီးပွားရေးလုပ်ငန်းများသည် အပြိုင်အဆိုင်များဖြင့် ကြီးပွားတိုးတက်ရန် ဆောင်ရွက်ကြရသည်။ ပြိုင်ဆိုင်နေရခြင်းအစား တစ်ဦးကောင်းတစ်ယောက်ကောင်း ဆောင်ရွက်ခြင်းက ပို၍မကောင်းဘူးလားဟု တွေးစရာရှိသည်။ အချို့သောလုပ်ငန်းများတွင် ပြိုင်ဆိုင်မှုများပြားလျှင်ကောင်းသော်လည်း အချို့သောလုပ်ငန်းများတွင် ပြိုင်ဆိုင်မှုနည်းခြင်းကလည်း ကောင်းကြောင်း တွေ့နိုင်သည်။

**ပြိုင်ဆိုင်မှုပုံစံများ**

စီးပွားရေးလုပ်ငန်းများတွင် ပြိုင်ဆိုင်နေကြရသည်ကများပြားပြီး ပြိုင်ဆိုင်မှုပုံစံများတွင်လည်း အမျိုးမျိုးကွဲပြားနေတတ်သည်။ ပြိုင်ဆိုင်မှုတွင် အခြေခံအားဖြင့် လေးမျိုးခွဲခြားထားတတ်သည်။ ပြည့်စုံသောပြိုင်ဆိုင်မှုပုံစံ (Perfect Competition)၊ မပြည့်စုံသောပြိုင်ဆိုင်မှုပုံစံ (Monopolistic Competition)၊ လူနည်းစုလွှမ်းမိုးသောပုံစံ (Oligopoly) နှင့် တစ်ဦးတည်းလွှမ်းမိုးသောပုံစံ(Monopoly) တို့ဖြစ်ကြသည်။

**ပြည့်စုံသောပြိုင်ဆိုင်မှုပုံစံ (Perfect Competition)** ၌ ဈေးကွက်တွင် ရောင်းချသူအများအပြားရှိနေပြီး တစ်ဦးတစ်ယောက်က ထူးထူးခြားခြားကြီးမားလွှမ်းမိုးမှုမရှိသည့် အခြေအနေမျိုးဖြစ်သည်။ ထိုကဲ့သို့ ကုမ္ပဏီတစ်ခု၊ လုပ်ငန်းရှင်တစ်ဦးက ရောင်းချနေသော ကုန်ပစ္စည်း၏ဈေးကွက်အတွင်းရှိ ဈေးနှုန်းကို ပြောင်းလဲသွားသည်ထိ ဦးဆောင်နိုင်သူမျိုးမရှိဘဲ ကုန်ပစ္စည်းဈေးနှုန်းသည် ဈေးကွက်၏ ဝယ်လိုအား၊ ရောင်းလိုအားအတိုင်းသာ ပြောင်းလဲနေသောအခြေအနေမျိုးဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး၊ ကုမ္ပဏီတစ်ခုနှင့်တစ်ခု လုပ်ငန်းပမာဏများစွာကွာခြားခြင်းမရှိသဖြင့် ပြိုင်ဆိုင်မှုလည်း ပြင်းထန်တတ်သည်။ ထိုကဲ့သို့ လုပ်ငန်းမျိုးတွင် ဈေးကွက်အတွင်းသို့ လုပ်ငန်းအသစ်များလည်း လွယ်ကူစွာဝင်ရောက်လာနိုင်သည်ကို တွေ့ရသည်။ ထိုကဲ့သို့သော ပြိုင်ဆိုင်မှုပုံစံကို လယ်ယာထွက်ကုန်သီးနှံများရောင်းချသောဈေးကွက်များတွင် တွေ့ရတတ်သည်။ ပြိုင်ဆိုင်မှုများပြားပြင်းထန်တတ်သဖြင့် တိုးတက်မှုတွင်လည်း ပိုမိုမြန်ဆန်သည်ကို တွေ့နိုင်သည်။ လယ်ယာထွက်ကုန်များကိုကြည့်လျှင် သာမန်စိုက်ပျိုးထုတ်လုပ်သည်မှ အထွက်များတိုးတက်အောင် စိုက်ပျိုးထုတ်လုပ်လာခြင်း၊ စိုက်ပျိုးသည့်နည်းပညာများ ပြောင်းလဲလာခြင်း၊ မျိုးများပြောင်းလဲလာခြင်း၊ ဈေးကွက်အတွင်းတွင် အရည်အသွေးအမျိုးမျိုး တွေ့ရှိနိုင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုအပိုင်းတွင်သာမက ရောင်းဝယ်မှုအပိုင်းတွင်လည်း ပုံစံအမျိုးမျိုးဖြစ်လာသည်ကို တွေ့ရသည်။ အသေးစိတ်ကြည့်မည်ဆိုလျှင် အရည်အသွေးအမျိုးမျိုးကို ထုပ်ပိုးပုံအမျိုးမျိုးဖြင့် ရောင်းဝယ်ကြသည်ကို တွေ့နိုင်သည်။ ထို့ပြင် တန်ဖိုးမြှင့်ထုတ်ကုန်များ(Value Added) အဖြစ်ပါပြောင်းလဲ၍ ပြိုင်ဆိုင်ရောင်းချကြသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် စားသောက်ကုန်ကဏ္ဍသည် ပြိုင်ဆိုင်မှုအများဆုံးကဏ္ဍကြီးဖြစ်လာသည်။

**မပြည့်စုံသောပြိုင်ဆိုင်မှုပုံစံ (Monopolistic Competition)**မှာ ပြိုင်ဆိုင်မှုအပိုင်းတွင် အထက်ဖော်ပြပါ စားသောက်ကုန်ကဏ္ဍတွင် တွေ့ရသည့် ပြိုင်ဆိုင်မှုပုံစံကဲ့သို့ ရောင်းချသူများ များပြားခြင်းမျိုးမရှိသော်လည်း ရောင်းချသူအများအပြားရှိနေသေးသည်ကို တွေ့ရသည်။ သို့ရာတွင် ရောင်းချသောကုန်ပစ္စည်းများမှာ တူညီသောပုံစံ၊ တူညီသောအရည်အသွေးနှင့် ဖြစ်နေတတ်ကြသဖြင့် ပြိုင်ဆိုင်မှုမှာ နည်းလမ်းမျိုးစုံဖြစ်ထွန်းလာခြင်းမရှိသည့် အခြေအနေမျိုးဖြစ်သည်။ တံဆိပ်များသာကွဲလွဲသော်လည်း အထဲတွင်ပါဝင်သောကုန်ပစ္စည်းများမှာ အမျိုးအစားနှင့် အရည်အသွေးအားဖြင့် များစွာကွဲလွဲမှုမရှိသည်ကို ဝယ်ယူသူများဘက်မှ ကောင်းစွာရိပ်စားမိတတ်သည်။ ဥပမာအားဖြင့်ဆိုရလျှင် အဝတ်လျှော်ဆပ်ပြာမှုန့်များရောင်းချသည့်ဈေးကွက်ကိုကြည့်လျှင် သိရှိနိုင်သည်။ ထိုပြိုင်ဆိုင်မှုပုံစံတွင် ရောင်းချသူများ အများအပြားရှိနေတတ်ကြသော်လည်း ဈေးနှုန်းနှင့် ကုန်ပစ္စည်းအရည်အသွေးပိုင်းတွင် များစွာကွာခြားမှုမရှိတတ်သည်ကို သတိပြုနိုင်သည်။ ဈေးကွက်အတွင်းသို့ ဝင်ရောက်နိုင်မှုမှာ လွယ်ကူသည်ကို တွေ့နိုင်သည်။ လက်လီရောင်းဝယ်မှုများအပိုင်း၊ အဝတ်အထည်များနှင့် ရှူးဖိနပ် စသည်တို့ကို ရောင်းချသောကဏ္ဍတွင် ပြိုင်ဆိုင်မှုရှိသော်လည်း များစွာပြင်းထန်ခြင်းမရှိတတ်ပေ။ ဦးတည်သည့် ဝယ်ယူသူဖောက်သည်များအတွင်းသာ ရှိနေတတ်သည်။ ဈေးနှုန်းသည် ကြော်ငြာများ၊ ကုန်အမှတ်တံဆိပ်များပေါ်တွင်သာလိုက်၍ ဈေးကွာခြားတတ်ပါသည်။

**လူနည်းစုလွှမ်းမိုးသောပုံစံ(Oligopoly)** ဆိုသည်မှာ ကုန်ပစ္စည်းတစ်ခုကို ရောင်းချသူအနည်းငယ်သာရှိသည့်အခါမျိုးတွင် တွေ့နိုင်သည်။ ပြိုင်ဆိုင်မှုမှာ အနည်းငယ်သာရှိသည်ကို တွေ့ရသည်ဟုဆိုသည်။ ရောင်းချသည့်ကုန်စည်သည် များစွာကွဲပြားခြားနားမှုမရှိတတ်ဘဲ သတ်မှတ်ထားသည့်ပုံစံအနည်းငယ်အတွင်း၌သာ ရှိနေတတ်သည်။ ထိုသို့သော ကုန်ပစ္စည်းများရောင်းချသည့်ဈေးကွက်သို့ ဝင်ရောက်နိုင်ရန် မလွယ်ကူပေ။ ပြိုင်ဆိုင်မှုအားဖြင့် ပြင်းထန်မှုမရှိတတ်သည်ကို တွေ့နိုင်သည်။ ဈေးကွက်အတွင်း ရောင်းချသည့်ကုန်စည်၏ သဘောသဘာဝအရ ပုံစံအမျိုးမျိုးကွဲပြားမှုရှိတတ်သော်လည်း ထုတ်လုပ်နိုင်သည့်အရေအတွက်၊ အမျိုးအစားပုံစံများမှာ လယ်ယာထွက်ကုန်သီးနှံများကဲ့သို့ အမျိုးမျိုးအထွေထွေရှိမနေတတ်သည်ကို တွေ့နိုင်သည်။ အဆိုပါ လူနည်းစုလွှမ်းမိုးထားသော ပြိုင်ဆိုင်မှုပုံစံကို သံမဏိလုပ်ငန်း၊ မော်တော်ကားလုပ်ငန်း၊ လယ်ယာကဏ္ဍသုံးစက်ပစ္စည်းလုပ်ငန်းများတွင် တွေ့ရတတ်သည်။ မော်တော်ကားဈေးကွက်ကို လေ့လာကြည့်လျှင် တစ်ကမ္ဘာလုံးတွင်ပင် မော်တော်ကားထုတ်လုပ်ရောင်းချသော ကုမ္ပဏီကြီးများမှာ အနည်းငယ်သာရှိသည်ကို တွေ့နိုင်သည်။

**တစ်ဦးတည်းလွှမ်းမိုးသောပုံစံ (Monopoly)** ဆိုသည်မှာ ကုန်ပစ္စည်းတစ်ခု သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို ကုမ္ပဏီတစ်ခု၊ လုပ်ငန်းရှင်တစ်ဦးကသာ လွှမ်းမိုးထားသော ပြိုင်ဆိုင်မှုပုံစံဖြစ်သည်။ လုပ်ငန်းတစ်ခုလုံးကို ကုမ္ပဏီတစ်ခုတည်းကပင် လွှမ်းမိုးထားသဖြင့် ပြိုင်ဆိုင်မှုအားဖြင့် မရှိဟုပြောနိုင်သည်။ သို့ရာတွင် ဝယ်ယူမှုသုံးစွဲမှုတိုးတက်လာစေရန်မှ ကိုယ့်ဘာသာ ကုမ္ပဏီတွင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မိမိကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတိုးတက်လာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။ ထိုသို့သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းချသောဈေးကွက်သို့ အခြားသူများဝင်ရောက်ရန် မဖြစ်နိုင်သည်ကို တွေ့ရသည်။ ကုန်ပစ္စည်းဈေးနှုန်းကို ရောင်းသူကသာ သတ်မှတ်နိုင်သည့်အခြေအနေဖြစ်သည်။ ဥပမာအားဖြင့် ပြည်တွင်းလုပ်ငန်းများတွင် တွေ့ရတတ်သည်။

**ပြိုင်ဆိုင်မှု၏ ကောင်းကျိုးများ**

ပြိုင်ဆိုင်မှုများ ဈေးကွက်အတွင်း၌ရှိနေခြင်းက ဝယ်ယူစားသုံးသူများအတွက် အကျိုးကျေးဇူးများရရှိသည်။ အထူးသဖြင့် စားသောက်ကုန်ကဏ္ဍကို ကြည့်လျှင် အမျိုးအစားအသစ်များ၊ အရည်အသွေး အသစ်အဆန်းများ၊ ထုပ်ပိုးပုံမှအစ အသစ်အဆန်းများကို အချိန်တိုင်းတွေ့နေရသည်။ တန်ဖိုးမြှင့်ထုတ်ကုန်များကိုလည်း အမျိုးမျိုးတွေ့နေရသည်မှာ ပြိုင်ဆိုင်မှုပြင်းထန်သောကြောင့်ဖြစ်သည်။ ဝန်ဆောင်မှုအပိုင်းတွင်လည်း သူ့ထက်ငါကောင်းစေရန် ကြိုးပမ်းဆောင်ရွက်နေကြရသဖြင့် ဝယ်ယူသူများ၊ ဖောက်သည်များအတွက် အကျိုးများကို များစွာရရှိစေသည်။ ဈေးနှုန်းပိုင်းတွင်လည်း ရောင်းချသူတစ်ဦးတစ်ယောက်က ဆုံးဖြတ်နိုင်ခြင်းမျိုးမရှိတော့ဘဲ ဈေးကွက်၏ သဘောအရသာ ပြောင်းလဲသည်ကို တွေ့နိုင်သည်။ အထူးသဖြင့် ဈေးနှုန်းကို အပြိုင်အဆိုင်လျှော့၍ ရောင်းချတတ်ကြသဖြင့် ဖောက်သည်များအတွက် ကောင်းကျိုးရစေသည်။ ဈေးနှုန်းတက်ရန်လည်း များစွာခက်ခဲတတ်သည်။ အကောင်းဆုံးအခွင့်အရေးမှာ ဖောက်သည်များ၊ ဝယ်ယူသူများသည် ကြိုက်နှစ်သက်ရာ အမျိုးအစားကို စိတ်ကြိုက်ရွေးချယ်နိုင်ခြင်းပင်ဖြစ်သည်။ ကောင်းကျိုးများ များစွာရှိသော်လည်း တစ်ခါတစ်ရံတွင် အားကြီးလာသူက အားနည်းသူများကို ဈေးကွက်အတွင်းမှထုတ်ပစ်ရန် ကြိုးစားမှုများရှိလာတတ်သည်။ ထို့ပြင် နည်းလမ်းမှန်ကန်မှုမရှိသောနည်းများဖြင့် ဈေးကွက်ကို လွှမ်းမိုးကြသည်များလည်း ရှိတတ်ကြသည်။ နိုင်ငံအချင်းချင်း ကုန်သွယ်ရာတွင်လည်း နိုင်ငံကြီးများက အသာစီးယူတတ်ကြသည်။ နိုင်ငံငယ်များ၏ကုန်ပစ္စည်းများ ဈေးကွက်ဝင်ရောက်မှုကိုလည်း ထိန်းချုပ်တတ်ကြသည်။ ထို့ကြောင့် ကုန်သွယ်မှုတွင်လည်း စီးပွားရေးအင်အားကြီးနိုင်ငံကြီးများက အသာစီးယူကာ ဈေးကွက်ကို ထိန်းချုပ်ထားတတ်ကြသည်။ ထို့ပြင် နိုင်ငံငယ်များအတွင်းရှိ ဈေးကွက်များ၊ စားသုံးသူများကို တိုက်ရိုက်ရောင်းချလိုသဖြင့် လွတ်လပ်သောကုန်သွယ်မှုအဖြစ် အတားအဆီးများကိုဖယ်ရှားရန် ဆောင်ရွက်လာကြသည်။ ထို့ကြောင့် ကုန်သွယ်မှုတွင် လွတ်လပ်ရုံမျှသာမက မျှတသော၊ ညီမျှသော အခွင့်အရေးရရန်လည်း အရေးကြီးလာသည်။ ထို့ကြောင့် ကုန်သွယ်မှုတွင် Free and Fair Trade ဟု သုံးစွဲလာကြခြင်းဖြစ်သည်။

ပြည်ပမှ ဝင်ရောက်လာသော ကုန်စည်များနှင့် ပြိုင်ဆိုင်ရောင်းချရာတွင်လည်းကောင်း၊ ပြည်တွင်းတွင် အချင်းချင်းပြိုင်ဆိုင်ရောင်းဝယ်ရာတွင်လည်းကောင်း မျှတသော၊ ညီမျှသောရောင်းဝယ်မှု၊ ယှဉ်ပြိုင်မှုပုံသဏ္ဌာန်များဖြစ်စေရန်အတွက် ယှဉ်ပြိုင်မှုဥပဒေ (Competition Law) ကို ပြဋ္ဌာန်း၍ ကုန်ပစ္စည်းထုတ်လုပ်သူနှင့် ရောင်းချသူများအကျိုးကို ကာကွယ်ကြသည်ကို တွေ့ရသည်။ ယှဉ်ပြိုင်မှုများမှာ အမျိုးမျိုးရှိတတ်သော်လည်း မှန်ကန်သောယှဉ်ပြိုင်မှုနှင့် တစ်ဦးနှင့်တစ်ဦး ထိခိုက်စေသောယှဉ်ပြိုင်မှုများ မဖြစ်စေရန်လည်း လိုအပ်သည်။ ထို့ပြင် လုပ်ငန်းတူသူချင်းစုပေါင်းပြီး အသင်းအဖွဲ့များ ထူထောင်ဆောင်ရွက်ခြင်းဖြင့်လည်း ယှဉ်ပြိုင်မှုတွင် မျှတသော၊ ညီညွတ်သော ယှဉ်ပြိုင်ခြင်းမျိုးကိုဖြစ်စေသည်။ အသင်းအဖွဲ့၏အားဖြင့် စုပေါင်းဆောင်ရွက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အားသာချက်များ၊ အခွင့်အလမ်းများကို ပိုမိုရရှိစေပြီး လုပ်ငန်းကဏ္ဍ (Sector) တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေနိုင်သည်။ ရေမြင့်လျှင် ကြာမြင့် ဆိုသကဲ့သို့ အသင်းအဖွဲ့များ အင်အားကောင်းလာသည်နှင့်အမျှ အသင်းဝင်လုပ်ငန်းရှင်များသည်လည်း လိုက်ပါတိုးတက်လာသည်ကို ကောင်းစွာတွေ့မြင်နိုင်သည်။ ထို့ကြောင့် သူနိုင်ကိုယ်နိုင်ဖြင့် စီးပွားရေးလုပ်ငန်းများကို အပြိုင်ကြဲကြသည်ဖြစ်သော်လည်း တရားသော ယှဉ်ပြိုင်ခြင်း၊ စိတ်ကျေနပ်မှုကို တရားသောနည်းလမ်းဖြင့်ရှာဖွေခြင်း၊ နှစ်ဖက်စလုံး အနိုင်ရသည့်နည်းလမ်းများ (Win-Win Situation) ကို ရှာဖွေဆောင်ရွက်နိုင်ခြင်းဖြင့် Supply Chain တစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်စေနိုင်သည်။ ထို့ကြောင့် သူနိုင်ကိုယ်နိုင် စီးပွားပြိုင်ကြရာတွင် တစ်ဖက်စောင်းနင်းမဖြစ်ဘဲ နှစ်ဖက်အကျိုးများသော နှစ်ဖက်လုံး အနိုင်ရသည့်နည်းလမ်းများ (Win-Win Situation) ကို အကောင်အထည်ဖော်ရင်း ကဏ္ဍကြီးတစ်ခုလုံး ကြီးပွားတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်း လိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၇၀၇၆ ဧက စိုက်ပျိုးပြီးစီး

**ငပုတော အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၇၀၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၇၀၇၆ ဧက လျာထားပြီး ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးများ လျာထားချက်အတိုင်း အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် နည်းပညာများနှင့် စပါးများတွင် ကျရောက်ဖျက်ဆီးလေ့ရှိသည့် ရွှေခရုကာကွယ်ရေးနည်းပညာများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့မှာ အခုနှစ် မိုးစပါး ၄၇၀၇၆ ဧက လျာထား စိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ လျာထားဧကအားလုံး စိုက်ပြီးပါပြီ။ ဒေသခံတောင်သူတွေ စပါးကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဟိုင်းကြီးကျွန်းမြို့မှာ နွေစပါးနဲ့ မိုးစပါးကို စိုက်ပျိုးကြပြီး မိုးစပါးကို အဓိကထား စိုက်ပျိုးကြပါတယ်။ အခုနှစ် မိုးစပါးတွေကို ဒေသနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်း စပါးအမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးထားပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးစပါးများ စိုက်ပျိုးရာတွင် လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

# လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**လင်းခေး အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒါးဆိပ်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးညွန့်ဝင်း၊ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ဒါးဆိပ်ကျေးရွာ၌ အရှည်ပေ ၄၆၀၀၊ အကျယ် ၁၅ ပေ၊ အမြင့် တစ်ပေ မြေသားခင်းခြင်း၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ သဲဖြန့်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးညွန့်ဝင်းက သတ်မှတ်ချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုမွမ်းမံရန်ပုံငွေကျပ် ၃၇ ဒသမ ၅၆၈၃ သန်းဖြင့် Eco Pure ကုမ္ပဏီက ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# ဘိုးဘွားများနေ့နှင့် မြန်မာ့ဓလေ့

\- သုံးပါးရွယ် သင်္ဂါရ
မလွဲပ ဤလူ့ရွာ
ကြုံရခဲ့မှတာ၊
တတိယ အရွယ်မှာ
အိုရှမ်းမှာ သဘာဝ၊
ယိုယွင်းကာ ပသာဒ
ဖေးကူပါ ကြင်နာကြ
ထုံးစဉ်လာ ပယ်မရ
ဂါရဝေါစ။

\- ဘိုးဘွားခမျာ အရွယ်ဟိုင်း
စိတ်သွားတိုင်း ကိုယ်မပါ
စစရာရာ၊
ဝတ်ကြီး ငယ်ပြုစရာ
ငယ်သူ့တာတစ်ဖက်တစ်လမ်း၊
ထုံးစဉ်လာ မမေ့စတမ်း
ရေပူရေချမ်း။

\- "ဒေါ်ဦးဇွန်း"သဒ္ဓါဖြိုး
စပျိုးလို့ လှူဒါန်းကာ
ဘိုးဘွားရိပ်သာ၊
နိုင်ငံတော် အဝင်အပါ
ကူညီကာပံ့ပိုး၊
ပြည်သူတွေ သဒ္ဓါဖြိုး
ရိပ်သာတွေ အစဉ်တိုး
ရှစ်ဆယ်ကျော် သာသာထိုး
စေတနာမိုး။

\- တိုင်း၊ ပြည်နယ် တစ်နံတစ်လျား
ဘိုးဘွားတို့ ကွန်းခိုရာ၊
ရိပ်သာတွေ အနှံ့အပြား
ထွန်းကားဝေဆာ၊
မြန်မာတို့ ဂုဏ်ယူစရာ
နိုင်ငံတကာမှာစံပြ၊
မော်ကွန်းတင် ပထမ
မြန်မာ့အလှ။

("အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့"ကို ဂုဏ်ပြုလျက် မြန်မာ့စွန့်ဦးတီထွင်သူ "ဘွားဦးဇွန်း"အား ရှိခိုးကန်တော့ပါ၏)

**ကျော်စောဟန်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## မော်လ်ဒိုက်နိုင်ငံ၌ သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ကျင်းပ ပြည်သူများပါဝင်မဲပေး

**မာလီ အောက်တိုဘာ ၃၀**

မော်လ်ဒိုက်နိုင်ငံ၌ သမ္မတ ရွေးကောက်ပွဲ ဒုတိယအကျော့ကို ယနေ့တွင် ကျင်းပခဲ့ရာ ပြည်သူများ ပါဝင်မဲပေးခဲ့ကြသည်။

အဆိုပါ ရွေးကောက်ပွဲတွင် အိန္ဒိယနိုင်ငံကိုလိုလားသည့် လက်ရှိ သမ္မတ မိုဟာမက်ဆိုလီနှင့် တရုတ်နိုင်ငံကိုလိုလားသည့် အတိုက်အခံ သမ္မတလောင်း မိုဟာမက်မူအစ်ဇူတို့ အကြိတ်အနယ်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့အတွက် မော်လ်ဒိုက်နိုင်ငံသည် ကျွန်းပေါင်း ၁၈၇ ကျွန်းတို့၌ မဲရုံပေါင်း ၅၈၆ ခုကို ဖွင့်လှစ်ပေးထားခဲ့သည်။

ထို့နည်းတူ အိန္ဒိယ၊ သီရိလင်္ကာ၊ မလေးရှား၊ ဗြိတိန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နိုင်ငံများသို့ရောက်ရှိနေသည့် မော်လ်ဒိုက်နိုင်ငံသားများကလည်း သက်ဆိုင်ရာနိုင်ငံများတွင်ဖွင့်လှစ်ထားသည့် မဲရုံများ၌ မဲထည့်ခဲ့ကြသည်။

ပြီးခဲ့သည့်ရက်သတ္တသုံးပတ်ခန့်က ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲဒုတိယအကျော့တွင် အတိုက်အခံ သမ္မတလောင်း မူအစ်ဇူက လက်ရှိ သမ္မတ ဆိုလီအပေါ် အနည်းငယ် အသာရထားသည်။

သမ္မတဆိုလီသည် ၎င်း၏သမ္မတ ရာထူး ပထမသက်တမ်း ငါးနှစ်အတွင်း အိန္ဒိယကိုပိုမိုဦးစားပေးရေး မူဝါဒကျင့်သုံးရေးအတွက် ကြိုးပမ်းခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : CNA**
**Trs : KKO**



## သြစတြေးလျကမ်းလွန်၌ လှေတစ်စီးကို ဝေလငါးတိုက်မှုကြောင့် တစ်ဦးသေဆုံး

**ဆစ်ဒနီ အောက်တိုဘာ ၃၀**

သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တော်ဧရိယာ ကမ်းရိုးတန်းကမ်းလွန်၌ ယနေ့တွင် ဝေလငါးတစ်ကောင် ဝင်တိုက်မှုကြောင့် လှေငယ်တစ်စီး တိမ်းမှောက်ခဲ့ရာ အပျော်ငါးမျှား ထွက်သူတစ်ဦး သေဆုံး၍ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ငါးဖမ်းခရီး ထွက်သူနှစ်ဦး လိုက်ပါလာသည့် လှေငယ်နှင့် ဝေလငါးဝင်တိုက်မှုသည် အော့တနီပင်လယ်အော် ရေပြင်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သြစတြေးလျရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဝေလငါး ဝင်တိုက်ချိန်တွင် အဆိုပါလှေငယ်မှာ ရုတ်တရက် တိမ်းစောင်း၍ လှေငယ်ပေါ်လိုက်ပါလာသူနှစ်ဦး ရေထဲသို့လွင့်စဉ်ကျရောက်ခဲ့ရကြောင်း ရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

ရေထဲလွင့်စဉ် ကျခဲ့သူနှစ်ဦးအနက် တစ်ဦးမှာ သေဆုံးခဲ့ရပြီး ကျန်တစ်ဦးမှာ ဆေးရုံပေါ်၌ဆေးဝါးကုသမှုများ ခံယူနေရကြောင်း သိရသည်။

သြစတြေးလျနိုင်ငံ၏ ကမ်းရိုးတန်းတစ်လျှောက်၌ အကြီးစားဝေလငါးမျိုးစိတ်၁၀မျိုးနှင့် အသေးစားဝေလငါးမျိုးစိတ် အမျိုး ၂၀တို့ ရှင်သန်ကျက်စားသည်။

သို့သော် သြစတြေးလျကမ်းရိုးတန်းဒေသ၌ ဝေလငါးများကြောင့် လူသေဆုံးမှုဖြစ်စဉ်မှာ လွန်စွာရှားပါးသည်ဟု သြစတြေးလျ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : CNA**
**Trs : KKO**

## ယူကရိန်းဒေသလေးခုတို့မှပြည်သူများ ရုရှားပေါင်းစည်းရန်လိုလားမှုကို ရွေးကောက်ပွဲများတွင်ပြသခဲ့ဟု သမ္မတပူတင် ပြောကြား



**မော်စကို အောက်တိုဘာ ၃၀**

ရုရှား အချုပ်အခြာအောက် ရောက်ရှိနေပြီဖြစ်သော ယူကရိန်းနယ်မြေများမှ ပြည်သူများသည် ပြီးခဲ့သည့်ရွေးကောက်ပွဲများအတွင်း ရုရှား၏ အစိတ်အပိုင်းအဖြစ် ရပ်တည်လိုသော ၎င်းတို့၏ဆန္ဒများကို ပြသခဲ့ကြပြီးဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ယနေ့တွင် ပြောကြားခဲ့သည်။

ယူကရိန်း နယ်မြေလေးခုကို ရုရှားအချုပ်အခြာအောက် ထည့်သွင်းကြောင်းကြေညာမှု တစ်နှစ်ပြည့်အခမ်းအနားတွင် ရုရှားသမ္မတပူတင်က အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် တစ်နှစ်လောက်က ကျင်းပခဲ့သည့် လူထုဆန္ဒခံယူပွဲများတွင် ယူကရိန်းဒေသလေးခုတို့မှ ပြည်သူများသည် ရုရှား၏အစိတ်အပိုင်းအဖြစ်ရပ်တည်ရေးကိုထပ်မံ အတည်ပြုနိုင်ခဲ့ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ထို့ပြင် မတူကွဲပြားသူများကို ပြည်တွင်းစစ်အပြည့်အဝဆင်နွှဲ၍ ရှင်းထုတ်နေသော ယူကရိန်းအမျိုးသားရေးဝါဒီ ခေါင်းဆောင်များလက်မှပြည်သူများကို ကယ်တင်ရေးအတွက် ၂၀၂၂ ခုနှစ်တွင် ယူကရိန်းကိုစစ်ရေးအရ စတင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ယူကရိန်း နယ်မြေများဖြစ်ကြသည့် ဒွန်းနက်၊ လူးဟန့်စ်၊ ခါဆန်နှင့် ဇာပိုရစ်ဇီယာဒေသများ၌ ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း လူထုဆန္ဒခံယူပွဲများ ကျင်းပခဲ့ပြီးနောက် ယင်းနယ်မြေလေးခုကို ရုရှားအချုပ်အခြာအောက်သို့ထည့်သွင်းလိုက်ပြီဖြစ်ကြောင်း ရုရှားအစိုးရက ၂၀၂၂ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါဒေသလေးခု၌ ကျင်းပခဲ့သည့် လူထုဆန္ဒခံယူပွဲများတွင် ပြည်သူအများစုက ရုရှားနှင့် ပေါင်းစည်းရေးကို ထောက်ခံခဲ့ကြောင်း ရုရှားအစိုးရ၏အဆိုအရ သိရသည်။

**Ref : Tass**
**Trs : KKO**

## မီးလောင်နေသော ကူးတို့သင်္ဘောပေါ်မှခရီးသည်များကို အီတလီကမ်းခြေစောင့်တပ် ကယ်တင်ခဲ့

**ရောမ အောက်တိုဘာ ၃၀**

စစ္စလီကျွန်းစု ဒေသအတွင်း ခုတ်မောင်းနေစဉ် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည့် ခရီးသည်တင်သင်္ဘောတစ်စီးပေါ်မှ ရေယာဉ်ဝန်ထမ်း ၂၇ဦးအပါအဝင် လူပေါင်း ၁၇၇ ဦးကို အီတလီကမ်းခြေစောင့်တပ်က ယနေ့တွင် ကယ်တင်ခဲ့ရကြောင်း သိရသည်။

အဆိုပါ ကူးတို့သင်္ဘောသည် လမ်ပီဒူဆာကျွန်းမှ ပေါ်တိုအမ်ပီဒိုကလီကမ်းရိုးတန်းမြို့သို့ ဦးတည်ခုတ်မောင်းနေစဉ် သင်္ဘောစက်ခန်းတွင်း၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

အဆိုပါ ကူးတို့သင်္ဘောပေါ်၌ လိုက်ပါသွားသူ ခရီးသည်များအနက် ၈၃ဦးတို့မှာ ရွှေ့ပြောင်းဝင်ရောက်သူများ ဖြစ်ကြကြောင်း အီတလီ ကမ်းခြေစောင့်တပ်က ကြေညာထားသည်။

မီးလောင်နေသည့် ကူးတို့သင်္ဘောပေါ်မှ ခရီးသည်များနှင့် ရေယာဉ်ဝန်ထမ်းများကို အီတလီကမ်းခြေစောင့်တပ်သင်္ဘောများက ပေါ်တိုအမ်ပီဒိုကလီမြို့သို့ ပို့ဆောင်ထားကြောင်း သိရသည်။

မြောက်အာဖရိကမှရွှေ့ပြောင်းဝင်ရောက်သူများသည် မြေထဲပင်လယ်ကိုဖြတ်၍ လမ်ပီဒူဆာကျွန်းသို့လာရောက်လေ့ရှိရာ ယင်းကျွန်းမှတစ်ဆင့် ၎င်းတို့ကိုလက်ခံနိုင်မည့်နေရာများသို့ အီတလီတာဝန်ရှိသူများက တစ်ဆင့်ပြန်လည်ပို့ဆောင်ပေးနေရကြောင်း သိရသည်။

ယခုနှစ်အတွင်း မြေထဲပင်လယ်ကိုဖြတ်၍ အီတလီသို့ဝင်ရောက်လာသောရွှေ့ပြောင်းဝင်ရောက်သူ အရေအတွက်မှာ ယမန်နှစ်ကထက်နှစ်ဆမြင့်တက်လာပြီး ဦးရေ ၁၃၀၀၀၀ ကျော်ထိရှိခဲ့ကြောင်း သိရသည်။

**Ref : AFP**
**Trs : KKO**

## ပြည်ပခရီးသည်များအတွက် ဗီဇာလွတ်ဝင်ရောက်ခွင့်မူဝါဒ ပြန်လည်ကျင့်သုံးရန် တရုတ်အစိုးရစီစဉ်

**ပေကျင်း အောက်တိုဘာ ၃၀**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကပ်ဘေးအလွန်ကာလ ခရီးသွားလုပ်ငန်းကို ပြန်လည်မြှင့်တင်ရေးအတွက် ဗီဇာလွတ်ဝင်ရောက်ခွင့်မူဝါဒများကို တရုတ်အစိုးရက ပြန်လည်ကျင့်သုံးမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ဗီဇာကင်းလွတ်ခွင့်ပေးထားသောနိုင်ငံများစာရင်း၌ နိုင်ငံသစ်များ ထပ်မံထည့်သွင်းရေးအတွက် စဉ်းစားနေကြောင်း စက်တင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်ခဲ့သည့်မူဝါဒရေးရာကြေညာချက်၌ ဖော်ပြထားသည်။

ဗီဇာလွတ် ခရီးသွားလာခွင့်အစီအစဉ် ပြန်လည်စတင်ရေးအတွက် နိုင်ငံတကာလေကြောင်းခရီးစဉ်များကိုလည်း တရုတ်အစိုးရ ပြန်လည်မြှင့်တင် ပြေးဆွဲမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်အရ သိရသည်။



အောက်တိုဘာ ၁ ရက်အမျိုးသားနေ့ အားလပ်ရက်ကာလအတွင်း ပြည်မကြီး၌ ခရီးစဉ်ပေါင်း သန်း ၉၀၀နီးပါးရှိလာနိုင်ချိန်တွင် ပြည်ပခရီးသည်များအတွက် ဗီဇာလွတ်ခရီးသွားလာခွင့်မူဝါဒ ပြန်လည်ကျင့်သုံးရန် တရုတ်အစိုးရက စီစဉ်ထားခြင်းဖြစ်သည်။


တရုတ်ပြည်တွင်းသို့ ဝင်ရောက်မည့် ခရီးသွားအရေအတွက်ကို မြှင့်တင်ရေးသည် တရုတ်ခရီးသွားလုပ်ငန်းကို ပြန်လည်မြှင့်တင်ရေးအတွက် အကောင်အထည်ဖော်မည့်အဓိကလုပ်ငန်းစဉ်များထဲတွင် ပါဝင်ကြောင်း တရုတ်အစိုးရ၏ မူဝါဒရေးရာကြေညာချက်၌သုံးသပ်ထားသည်။

အမျိုးသားနေ့ အားလပ်ရက်ကာလ ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာမှုသည် ကိုဗစ်-၁၉ ရောဂါကပ်ဘေးအလွန်တွင် ရပ်တန့်နေခဲ့ရသည့် တရုတ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ရေတိုအားဖြင့် မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : China Daily**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၂ စင်း Space-X ကုမ္ပဏီ လွှတ်တင်



**ဝါရှင်တန် အောက်တိုဘာ ၃၀**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် စက်တင်ဘာ ၂၉ ရက်က စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၂ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ် အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုသစ်များ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၆ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာ ရေပြင်အတွင်း အသင့်စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၆၅ မိနစ်အကြာတွင် သယ်ယူသွားသည့် စတားလင့်ခ် အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုများကို ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၉ ရက် စတားလင့်ခ်မစ်ရှင်သည် Space-X အာကာသနည်းပညာ ကုမ္ပဏီ၏ ယခုနှစ်အတွက် ၆၉ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Space-X အာကာသနည်းပညာကုမ္ပဏီသည် ၎င်းတည်ဆောက်နေသည့် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ကွန်ရက်အတွက် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု အစင်း ၅၀၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Space.com**
**Trs : KKO**

## ဆိုက်ခ်ီဂြိုဟ်သိမ်လေ့လာရေးအာကာသယာဉ် လွှတ်တင်မည့်ရက်ကို နာဆာက သီတင်းတစ်ပတ်နောက်ဆုတ်၍လွှတ်တင်ရန် စီစဉ်ထား

**ဝါရှင်တန် အောက်တိုဘာ ၃၀**

ဆိုက်ခ်ီအမည်ရှိ ဂြိုဟ်သိမ် လေ့လာရေးအာကာသယာဉ် လွှတ်တင်မည့်ရက်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က သီတင်းတစ်ပတ် နောက်ဆုတ်၍ အောက်တိုဘာ ၁၂ ရက်မှသာ လွှတ်တင်ရန် စီစဉ်ထားကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

မူလက နာဆာအဖွဲ့သည် ဆိုက်ခ်ီအာကာသယာဉ်ကို အောက်တိုဘာ ၅ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် အာကာသယာဉ်၏ နိုက်ထရိုဂျင်ဓာတ်ငွေ့လောင်စာ သုံးဒုံးကန်အားစနစ်များကို အပြည့်အဝစစ်ဆေးရေးအတွက် ဆိုက်ခ်ီ အာကာသယာဉ်လွှတ်တင်ချိန်ကို အောက်တိုဘာ ၁၂ ရက်သို့ နောက်ဆုတ်ထားကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။



နာဆာအဖွဲ့သည် ဆိုက်ခ်ီ အာကာသယာဉ်ကို Space-X အာကာသ နည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန် ဟဲဗီးဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် ၁၆ ဆိုက်ခ်ီ အမည်ရှိ သတ္တုဂြိုဟ်သိမ်တစ်စင်းကို လေ့လာရေးအတွက် ဆိုက်ခ်ီ အာကာသယာဉ်ကိုလွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြားတည်ရှိသော ၁၆ ဆိုက်ခ်ီ ဂြိုဟ်သိမ်ကို အမေရိကန်ဒေါ်လာ ထရီလီယံပေါင်းများစွာ တန်ဖိုးရှိသည့် သံနှင့်နီကယ်သတ္တုများဖြင့် အဓိကဖွဲ့စည်းထားသည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။

**Ref : Space.com**
**Trs : KKO**

## လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက ဒိုင်နိုဆောသတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်မှုက အလွန်ကြီးမားသည့် မီးတောင်တစ်လုံးပေါက်ကွဲမှုကြောင့်သာ ဖြစ်ပွားခဲ့ခြင်းဖြစ်နိုင်

**လန်ဒန် အောက်တိုဘာ ၃၀**

လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက ဒိုင်နိုဆောသတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်မှုသည် ဂြိုဟ်သိမ်ကျရောက်မှုဖြစ်စဉ် ဖြစ်ပေါ်ခဲ့ရခြင်းမဟုတ်ဘဲ အလွန်ကြီးမားသည့် မီးတောင်တစ်လုံး ပေါက်ကွဲမှုကြောင့်သာ ဖြစ်ပွားခဲ့ခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက ယနေ့ခေတ် မက္ကဆီကိုနိုင်ငံ ယူကာထန်ကျွန်းဆွယ် ဒေသရှိရာနေရာသို့ ချစ်ဆူးလက်ဘ်ဂြိုဟ်သိမ် ကျရောက်ခဲ့မှုကြောင့် ဒိုင်နိုဆောများ ပျောက်ကွယ်ခဲ့ရခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက နားလည်လက်ခံထားသည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ ဒတ်မောင့်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ ကွန်ပျူတာစံပြုပုံစံလေ့လာချက်များအရ ဒိုင်နိုဆောများ မျိုးသုဉ်းပျောက်ကွယ်မှုမှာ မဟာမီးတောင် ပေါက်ကွဲမှုဖြစ်စဉ်နှင့် ဆက်စပ်နေနိုင်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ဒိုင်နိုဆောများမျိုးသုဉ်းပျောက်ကွယ်ခဲ့ရမှု၏ အဓိကအကြောင်းတရားမှာ ချစ်ဆူးလက်ဘ်ဂြိုဟ်သိမ် မကျရောက်မီနှစ် ၃၀၀၀၀၀ ခန့်အလိုတွင် ဖြစ်ပွားခဲ့သည့် ဒက်ကန်ထရက်မဟာမီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဒက်ကန်ထရက် မီးတောင်ပေါက်ကွဲမှုကြောင့် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက် တန်ချိန် ၁၀ ဒသမ ၄ ထရီလီယံနှင့် ဆာလ်ဖာဒိုင်အောက်ဆိုက် တန်ချိန် ၉ ဒသမ ၃ ထရီလီယံရောက်ရှိခဲ့ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဒက်ကန်ထရက်မီးတောင် ပေါက်ကွဲမှုမှ ပေါ်ထွက်လာသည့် ဓာတ်ငွေ့များကြောင့် တစ်ကမ္ဘာလုံး အတိုင်းအတာအရ ရာသီဥတု ပြောင်းလဲခဲ့ရပြီး ဒိုင်နိုဆောသတ္တဝါများ တဖြည်းဖြည်းပျောက်ကွယ်ခဲ့ရခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : The Daily Mail**
**Trs : KKO**

# HEALTH

## သွေးတိုးရောဂါရှိသက်ကြီးပိုင်းများ တစ်ရက်လျှင် ခြေလှမ်း ၃၀၀၀ လျှောက်ပါက သွေးဖိအားကိုလျှော့ချနိုင်

**နယူးယောက် အောက်တိုဘာ ၃၀**

သွေးတိုးရောဂါရှိသော သက်ကြီးပိုင်းများအနေဖြင့် လမ်းလျှောက်လေ့ကျင့်ခန်းလုပ်ရာတွင် တစ်ရက်လျှင် ခြေလှမ်း ၃၀၀၀ လျှောက်ပါက သွေးဖိအားကို သိသိသာသာ လျှော့ချပေးနိုင်ကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ အိုင်အိုးဝါး တက္ကသိုလ်မှ သုတေသနပညာရှင်များသည် တစ်ရက်လျှင် ခြေလှမ်း ၄၀၀၀ ထိ ပုံမှန်လမ်းလျှောက်တတ်သည့် သက်ကြီးပိုင်း သွေးတိုးရောဂါလူနာများကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာမှုမှထွက်ပေါ်လာသည့် ရလဒ်များအရ သက်ကြီးပိုင်း သွေးတိုးရောဂါ လူနာများအနေဖြင့် တစ်ရက်လျှင် ခြေလှမ်း ၃၀၀၀ မှ ခြေလှမ်း ၇၀၀၀ ထိလျှောက်ခဲ့ပါက လူနာများ၏ နှလုံးခုန်ချိန် သွေးဖိအားနှင့် နှလုံးခုန်ရပ်နားချိန် သွေးဖိအားများမှာ သိသိသာသာ ကျဆင်းသွားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

တစ်ရက်လျှင် ခြေလှမ်း ၃၀၀၀ လျှောက်၍ သွေးဖိအားလျှော့ချနိုင်ခဲ့ပါက နှလုံးရောဂါများဖြစ်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေများလည်း လျော့ပါးသွားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သွေးတိုးရောဂါ ရှိနေသူများအနေဖြင့် နှလုံးပြဿနာများပေါ်နိုင်ခြေကို လျှော့ချရာတွင် ရိုးစင်းသော ဘဝနေထိုင်မှုပုံစံအပြောင်းအလဲများမှာ အကျိုးကုထုံးများ လောက်ပင် ထိရောက်မှုရှိသည်ဟု သုတေသနပညာရှင်များကသုံးသပ်ထားကြောင်း သိရသည်။

**Ref : Health Day News**
**Trs : KKO**

## သားသမီးတစ်ဦးအထက် ယူထားသူအမျိုးသမီးများ Dementia ဖြစ်နိုင်ခြေ ကျဆင်းနိုင်

**အော့တာဝါ အောက်တိုဘာ ၃၀**

သားသမီးကို တစ်ဦးအထက် ယူထားသည့် အမျိုးသမီးများတွင် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုပြဿနာ (Dementia) ဖြစ်နိုင်ခြေ ကျဆင်းနိုင်ကြောင်း ကနေဒါ သုတေသနပညာရှင်များက စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

ဘဝတစ်လျှောက်၌ အက်စထရိုဂျင် (Estrogen) ဟော်မုန်းအဆင့်မြင့်မားခဲ့သူ အမျိုးသမီးများတွင် ဦးနှောက်ကျန်းမာရေး ပုံမှန်ထက်ပိုကောင်းနေတတ်ကြောင်း ကနေဒါ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မျိုးဆက်ပွား သက်တမ်းရှည်ကြာသူ တစ်နည်းအားဖြင့် ရင်သွေးတစ်ဦးနှစ်ဦးမက ရယူခဲ့သူအမျိုးသမီးများမှာ အက်စထရိုဂျင် ဟော်မုန်း စုစည်းမှုအဆင့် မြင့်မားသူများဖြစ်ကြသည်ဟု ကနေဒါ သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

အက်စထရိုဂျင်ဟော်မုန်း စုစည်းမှုမြင့်မားခြင်းကြောင့် Dementia ရောဂါနှင့် ဆက်စပ်နေသော Cerebral Small Vessal Disease ခေါ် ဦးနှောက်သွေးကြောယ်များ ပျက်စီးမှုရောဂါဖြစ်နိုင်ခြေလည်း ကျဆင်းသွားတတ်ကြောင်း ကနေဒါသုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

ကနေဒါ သုတေသနပညာရှင်များက ပျမ်းမျှအသက် ၆၄ နှစ်နှင့်အထက်ရှိ ဓမ္မတာရာသီကုန်ဆုံးပြီးသူ အမျိုးသမီးဦးရေ ၉၀၀၀ တို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : The Daily Mail**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဒေါ့မွန်အသင်း ကစားသမားတစ်ဦးထုတ်ပယ်ခံရသော်လည်း ဟော့ဖန်ဟိမ်းအသင်းကို ဂိုးပြတ်အနိုင်ယူ၍ အမှတ်ပေးဇယားကိုဦးဆောင်



**ဘာလင် အောက်တိုဘာ ၃၀**

ဘွန်ဒက်လီဂါပွဲစဉ် (၇) အဖြစ် ကစားခဲ့သည့် ဟော့ဖန်ဟိမ်းအသင်းနှင့် ဒေါ့မွန်အသင်းတို့ပွဲစဉ်တွင် ဒေါ့မွန်အသင်းက ကစားသမားတစ်ဦးအနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသော်လည်း ဟော့ဖန်ဟိမ်းအသင်းကို သုံးဂိုးတစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် အမှတ်ပေးဇယားထိပ်ဆုံးသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဒေါ့မွန်အသင်းသည် အဝေးကွင်းသွားရောက်ကစားခဲ့ရသော်လည်း ဟော့ဖန်ဟိမ်းအသင်းကို ထိရောက်သည့်ဂိုးပေါက်ခြိမ်းခြောက်မှုများပြုလုပ်၍ ပွဲကစားချိန် ၁၈ မိနစ်တွင် တိုက်စစ်မှူး ဖူးခရက်စ်၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ပွဲချိန် ၂၅ မိနစ်အရောက်တွင် ဟော့ဖန်ဟိမ်းအသင်းက ပင်နယ်တီမှ ချေပဂိုးရရှိခဲ့သဖြင့် ဒေါ့မွန်အသင်းက ဦးဆောင်ဂိုးရရှိရန် ဖိအားပေးတိုက်စစ်ဆင်ခဲ့ရာ ပထမပိုင်းနာကျင်အချိန်ပိုတွင် မာကိုရူးစ်က ဦးဆောင်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့၍ နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဒုတိယပိုင်းတွင် ဟော့ဖန်ဟိမ်းအသင်းက ချေပဂိုးရရှိရေးအတွက် လူစားလဲမှုများပြုလုပ်၍ ကြိုးပမ်းခဲ့ရာ ဒေါ့မွန်အသင်း ခံစစ်ကစားသမား ဘန်စီဘေနီ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသောကြောင့် ဟော့ဖန်ဟိမ်းအသင်းက တိုက်စစ်ကစားပုံ မြှင့်တင်ခဲ့သော်လည်း နာကျင်အချိန်ပို မိနစ် ၉၀ ကျော်တွင် ခံစစ်ကစားသမား ရှိင်ယာဆန်က ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : CNA**
**Trs : ML**

# Ningbo Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အွန်ဂျပ်ဘာ ဆွတ်ခူး

**နင်ဘို အောက်တိုဘာ ၃၀**

တရုတ်နိုင်ငံ နင်ဘိုမြို့တွင် ကျင်းပခဲ့သည့် Ningbo Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် တူနီးရှားတင်းနစ်မယ် အွန်ဂျပ်ဘာနှင့် ရုရှားတင်းနစ်မယ် ရှနိုက်ဒါတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အွန်ဂျပ်ဘာက (၆-၂၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံခဲ့ရသည့် အွန်ဂျပ်ဘာသည် ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရရှိသွားခဲ့သလို ကစားသမားဘဝ သက်တမ်းတစ်လျှောက် ကတ္တရာကွင်းတွင် ကျင်းပသည့် WTA Tour ပြိုင်ပွဲတွင် ပထမဦးဆုံးသော ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

အသက် ၁၉ နှစ်သာ ရှိသေးသည့်ရှနိုက်ဒါသည် နိုင်ခြေအဆင့် သတ်မှတ်ခံထားရခြင်း မရှိသော်လည်းအကောင်းဆုံးပုံစံဖြင့် ဗိုလ်လုပွဲစဉ်အဆင့်သို့တက်ရောက်လာနိုင်ခဲ့ပြီး ကမ္ဘာ့အဆင့်(၇)နေရာတွင် ရပ်တည်နေသော အွန်ဂျပ်ဘာကို အခက်တွေ့အောင် ကစားနိုင်ခဲ့ပြီး အသက်အရွယ်အရနှင့် အတွေ့အကြုံအရ အွန်ဂျပ်ဘာကို အနိုင်ကစားနိုင်လောက်သော လက်စွမ်းမျိုး ပြသနိုင်ခဲ့ခြင်းမရှိသော်လည်း အွန်ဂျပ်ဘာကို ဖိအားပေးမှုများ ပြုလုပ်နိုင်ခဲ့သည်။

ရှနိုက်ဒါသည် လက်ရှိကမ္ဘာ့အဆင့် (၈၅)နေရာတွင် ရပ်တည်နေသည့် တင်းနစ်မယ်တစ်ဦးဖြစ်ပြီး ပရော်ဖက်ရှင်နယ် တင်းနစ်လောကသို့ ဝင်ရောက်လာခဲ့ပြီးနောက် WTA Tour တွင် ပြိုင်ပွဲကိုးမျိုး၌ ပါဝင်ယှဉ်ပြိုင်ထားပြီး ပထမဦးဆုံးအကြိမ်အဖြစ် ဗိုလ်လုပွဲစဉ်သို့ တက်ရောက် လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရှနိုက်ဒါသည် အွန်ဂျပ်ဘာကို ရှုံးနိမ့်ခဲ့ရသည့်ပွဲစဉ်တွင် အသက်ငယ်သေးသလို စိတ်လှုပ်ရှားနေသည့်အတွက်ကြောင့် Unforced errors များ ကျူးလွန်မိခဲ့ပြီး အွန်ဂျပ်ဘာက ၎င်းအတွေ့အကြုံများကို အကောင်းဆုံးအသုံးချနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Tennis-X**
**Trs : AZL**



## အားကစားသတင်း အတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းက အသင်းတွင် ဒဏ်ရာပြဿနာများနှင့် ရုန်းကန်နေရသည့် လူငယ်ကစားသမား အဒါဂူလာကို လာမည့် ဇန်နဝါရီအပြောင်းအရွှေ့တွင် အငှားစာချုပ်ဖြင့် စေလွှတ်ရန်စီစဉ်လျက်ရှိသည်။
- ဘိုင်ယန်မြူးနစ်အသင်းတွင် ပုံမှန်ပွဲကစားခွင့်ပျောက်ဆုံးနေသည့် ခံစစ်ကစားသမားဒီလိုက်က အသင်းမှထွက်ခွာရန် ဆန္ဒရှိနေပြီး ဘာစီလိုနာအသင်းက ခေါ်ယူရန်ပစ်မှတ်ထားနေကြောင်း သိရသည်။
- ဘန်လေအသင်းက ခံစစ်ကစားသမား ဗီတင်ဟိုကို လာမည့် ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ **ML**

## ပရီးမီးယားလိဂ် ပွဲစဉ် (၇) ရလဒ်

| | | | | |
|---|---|---|---|---|
| အေဗီလာ | ၆ | - | ၁ | ဘရိုက်တန် |
| ဘွန်းမောက် | ၀ | - | ၄ | အာဆင်နယ် |
| အဲဗာတန် | ၁ | - | ၂ | လူတန် |
| မန်ယူ | ၀ | - | ၁ | ပဲလေ့စ် |
| နယူးကာဆယ် | ၂ | - | ၀ | ဘန်လေ |

(၀၄၀)

# ဘာစီလိုနာအသင်းက ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်းကို နှစ်နှစ်သက်တမ်းတိုးရန် ကမ်းလှမ်းမှုပြုလုပ်

**ဘာစီလိုနာ အောက်တိုဘာ ၃၀**

ဘာစီလိုနာအသင်းသည် အသင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ဖရန်ကီဒီဂျောင်းကို ၂၀၂၈ ခုနှစ်ထိ သက်တမ်း တိုးနိုင်ရန်အတွက် အားကစားဒါရိုက်တာ ဒေကိုက ကစားသမားနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်းသည် ယခုနှစ်ဘောလုံးရာသီတွင် နည်းပြဇာဗီ၏ ကစားကွက်အောက်၌ ပုံမှန်ပွဲကစားခွင့်ရရှိခဲ့ပြီး ခြေစွမ်းပြသနေသောကြောင့် ဇာဗီက အနာဂတ်စီမံကိန်းတွင် ၎င်းကို ထည့်သွင်းခဲ့ပြီးနောက် ကာလရှည် ထိန်းသိမ်းနိုင်ရန်အတွက် ၂၀၂၈ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက အသင်းဘဏ္ဍာရေးအကျပ်အတည်းကြောင့် ဖရန်ကီဒီဂျောင်းကို ရောင်းချရန်ဆုံးဖြတ်ခဲ့ပြီး အရောင်းစာရင်းတင်သွင်းခဲ့ရာ ချဲလ်ဆီး၊ မန်ယူအသင်းတို့က ခေါ်ယူရန်ကြိုးပမ်းခဲ့ပြီး ပြောင်းရွှေ့ကြေးညှိနှိုင်းမှု အဆင်မပြေဖြစ်ခဲ့ပြီးနောက် ကစားသမားအနေဖြင့် ဘာစီလိုနာအသင်းတွင်သာ ဆက်လက်ကစားရန်ဆုံးဖြတ်၍ လုပ်ခလစာလျှော့ယူခဲ့သည်။

လက်ရှိတွင် ဖရန်ကီဒီဂျောင်းသည် အသင်းနည်းပြဇာဗီ၏ ယုံကြည်မှုကိုရရှိခဲ့ပြီး ပြိုင်ပွဲစုံတွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့ကာ ပြီးခဲ့သည့် ဆဲလ်တာဗီဂိုအသင်းနှင့်ပွဲစဉ်တွင် ရရှိခဲ့သည့် ခြေချင်းဝတ်ဒဏ်ရာကြောင့် အနားယူနေရသော်လည်း ဘာစီလိုနာအသင်းက ကစားသမား၏ စွမ်းဆောင်ရည်ပိုင်း ကောင်းမွန်မှုကြောင့် သက်တမ်းတိုးရန်စီစဉ်၍ တရားဝင်ဆွေးနွေးမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# ပင်နယ်တီလွဲချော်ခဲ့သည့် တိုက်စစ်မှူး နေမာကို အယ်ဟိုင်လာအသင်းပရိသတ်များက လှောင်ပြောင်မှုများပြုလုပ်

**ရီယာ့ဒ် အောက်တိုဘာ ၃၀**

အယ်ဟိုင်လာအသင်းပရိသတ်များက ဆော်ဒီပရိုလိဂ်ပြိုင်ပွဲအဖြစ် ကစားခဲ့သည့် အယ်ဟိုင်လာအသင်းနှင့် အယ်ရှာဘတ်အသင်းတို့ပွဲစဉ်တွင် ပင်နယ်တီလွဲချော်ခဲ့သည့်နေမာကို လှောင်ပြောင်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

နေမာသည် ပြီးခဲ့သည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလက ပီအက်စ်ဂျီအသင်းမှ အယ်ဟိုင်လာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းတွင် သုံးပွဲကစားပြီးချိန်၌ ဂိုးသွင်းယူနိုင်ခြင်းမရှိသေးဘဲ ရုန်းကန်နေရခြင်းဖြစ်သည်။

ဆော်ဒီပရိုလိဂ် ပြိုင်ပွဲအဖြစ် ကစားခဲ့သည့် အယ်ဟိုင်လာအသင်းက အယ်ရှာဘတ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်၌ ပွဲချိန် ၃၇မိနစ်တွင် အယ်ဟိုင်လာအသင်း၏ ပင်နယ်တီကန်သွင်းခွင့်ကို နေမာ ကန်သွင်းခဲ့ရာတွင် ဂိုးမဝင်ခဲ့ဘဲ လွဲချော်ခဲ့ပြီးနောက် အယ်ဟိုင်လာအသင်းပရိသတ်များက ပွဲကစားနေချိန်တွင်ပင် နေမာကို လှောင်ပြောင်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နေမာသည် ပီအက်စ်ဂျီအသင်းတွင်ကစားစဉ်ကတည်းက ဒဏ်ရာပြဿနာများကြောင့် ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့ဘဲ ရုန်းကန်နေရသကဲ့သို့ လက်ရှိအချိန်ထိ အယ်ဟိုင်လာအသင်းတွင် တစ်ဂိုးမျှ သွင်းယူနိုင်ခြင်း မရှိသေးဘဲ ရုန်းကန်နေခဲ့ရပြီးနောက် အယ်ဟိုင်လာအသင်း ပရိသတ်များ၏ ဝေဖန်မှုများနှင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း သိရသည်။



**Ref : Fox Sports**
**Trs : STA**

# နယူးယောက်ပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် အရေးပေါ်အခြေအနေကြေညာ



**ဝါရှင်တန် အောက်တိုဘာ ၃၀**

အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ်တွင် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် နယူးယောက်မြို့တော်နှင့် အနီးတစ်ဝိုက်ဒေသများကို စက်တင်ဘာ ၂၉ ရက်က အရေးပေါ်အခြေအနေကြေညာထားကြောင်း မြို့တော်အာဏာပိုင်များ၏ ထုတ်ပြန်ချက်များအရ သိရသည်။

လေပြင်းတိုက်ခတ်မှုနှင့် ရေကြီးရေလျှံမှုများကြောင့် နယူးယောက်မြို့တော်ရှိ မြေအောက်ရထားလမ်းစနစ်များ ပိတ်ထားရပြီး မြေအောက်ဘူတာရုံတချို့ကိုလည်း ပိတ်ထားရကြောင်း၊ လမ်းများနှင့် အဝေးပြေးလမ်းအများအပြား ရေလွှမ်းမိုးမှု ဖြစ်ပေါ်လျက်ရှိပြီး နယူးယောက်မြို့ရှိ LaGuardia အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်း၏ဂိတ်တချို့ကို စက်တင်ဘာ ၂၉ ရက်ကစ၍ ပိတ်ထားခဲ့ရကြောင်း သိရသည်။

"ဒါက အသက်အန္တရာယ်ဖြစ်နိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ဒေသတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးနေတာကြောင့် နယူးယောက်၊ Long Island နဲ့ Hudson တောင်ကြားတစ်လျှောက်ဒေသတွေကို အရေးပေါ်အခြေအနေ ကြေညာထားရပါတယ်"ဟု နယူးယောက်မြို့တော် အုပ်ချုပ်ရေးမှူး ကေသီဟိုချယ်က ၎င်း၏ တွစ်တာလူမှုကွန်ရက်မှတစ်ဆင့် ပြောကြားခဲ့ကြောင်း သိရသည်။

ရေကြီးမှုကြောင့် ကားများအတွင်း ပိတ်မိနေသူ ၁၅ ဦးနှင့် မြေအောက်ခန်းအတွင်း ပိတ်မိနေသူသုံးဦးကို ကယ်ဆယ်ခဲ့ရပြီး သေဆုံးဒဏ်ရာရရှိမှုများ မရှိသေးသော်လည်း အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် ရေကြီးရေလျှံနေသောလမ်းများပေါ်တွင် ခရီးသွားလာခြင်းမပြုလုပ်ကြရန်လည်း ကေသီဟိုချယ်က တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

နယူးယောက်မြို့တွင် စက်တင်ဘာ ၂၉ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်သည် ၈ လက်မခန့်ထိ ရှိခဲ့ကြောင်း သိရသည်။

**Ref : NBC News**
**Trs : AZH**

# ဥရောပနိုင်ငံတချို့က စက်တင်ဘာလကို သမိုင်းတစ်လျှောက် အပူဆုံးလအဖြစ် ကြေညာ

**ပဲရစ် အောက်တိုဘာ ၃၀**

ဥရောပနိုင်ငံများဖြစ်သော ပြင်သစ်၊ ဩစတြီးယား၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ ပိုလန်နိုင်ငံတို့သည် ရာသီဥတုဖောက်ပြန်မှု အရှိန်မြင့်မားလာသဖြင့် ယခုနှစ် စက်တင်ဘာလကို သမိုင်းတစ်လျှောက် အပူဆုံးလအဖြစ် စက်တင်ဘာ ၂၉ ရက်က ကြေညာခဲ့ကြကြောင်း သိရသည်။

ပြင်သစ်မိုးလေဝသအာဏာပိုင်များ၏ ထုတ်ပြန်ချက်များအရ ယခုနှစ် စက်တင်ဘာလသည် ၁၉၉၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ကာလတူလများထက် အပူချိန် ၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ်မှ ၃ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ထိ ပိုမိုမြင့်မားလာခဲ့ပြီး စက်တင်ဘာလအတွင်း ပြင်သစ်တစ်နိုင်ငံလုံး၏ ပျမ်းမျှအပူချိန်သည် ၂၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အလားတူ ဂျာမနီနိုင်ငံတွင် ၁၉၆၁ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အတွင်း ကာလတူလများထက် ယခုနှစ် စက်တင်ဘာလတွင် အပူချိန် ၄ ဒီဂရီစင်တီဂရိတ်ခန့် ပိုမြင့်မားလာကြောင်း ဂျာမနီမိုးလေဝသဌာနက ကြေညာခဲ့ပြီး ပိုလန်နိုင်ငံတွင်လည်း လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်မှစ၍ ယခုနှစ် စက်တင်ဘာလသည် အပူချိန် ၃ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ခန့် မြင့်မားနေပြီး အပူဆုံးလဖြစ်သည်ဟု ကြေညာခဲ့ကြောင်း သိရသည်။

ဩစတြီးယားနှင့် ဆွစ်ဇာလန်နိုင်ငံတို့၏ အမျိုးသားမိုးလေဝသဌာနများကလည်း ယခုနှစ် စက်တင်ဘာလကို ၎င်းတို့နိုင်ငံအသီးသီး၏ အပူဆုံးလအဖြစ် မှတ်တမ်းတင်ခဲ့ပြီး လေ့လာမှုစစ်တမ်းများအရ ဆွစ်ဇာလန်ရေခဲပြင်ပမာဏသည် နှစ်နှစ်အတွင်း အပူချိန်လွန်ကဲမှုကြောင့် ရေခဲထုထည် ၁၀ ရာခိုင်နှုန်းဆုံးရှုံးသွားကြောင်း သိရသည်။

ဥရောပရှိ ရာသီဥတုဖောက်ပြန်မှုစောင့်ကြည့်ရေးအဖွဲ့က စက်တင်ဘာလ အစောပိုင်းတွင် ဥရောပရှိ ရာသီဥတုဖောက်ပြန်မှုသည် မြောက်ကမ္ဘာခြမ်း၏ နွေရာသီ၌ စံချိန်တင် အပူဆုံးဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့်လည်း ကမ္ဘာကြီး၏အပူချိန်ကို ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ ကန့်သတ်နိုင်ရေးနှင့် ရာသီဥတုပြောင်းလဲမှု၏ ဆိုးရွားသောသက်ရောက်မှုများကိုတားဆီးရန် ရည်ရွယ်သည့် ကုလသမဂ္ဂဆွေးနွေးပွဲတစ်ရပ်ကို ယခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ဒူဘိုင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : NDTV WORLD**
**Trs : AZH**

# ကနေဒါနိုင်ငံ အနောက်ကီလိုနာဒေသရှိ ရို့စ်ချိုင့်ဝှမ်းရေသန့်စင်စက်ရုံအနီးတွင် တောမီးလောင်ကျွမ်းနေသဖြင့် စက်ရုံတည်ဆောက်မှု ယာယီရပ်ဆိုင်းထားရ

**အော့တဝါ အောက်တိုဘာ ၃၀**

ကနေဒါနိုင်ငံ အနောက်ကီလိုနာဒေသတွင် တည်ဆောက်နေသည့် ရို့စ်ချိုင့်ဝှမ်းရေသန့်စင်စက်ရုံအနီးတွင် တောမီးလောင်ကျွမ်းနေသဖြင့် အမေရိကန်ဒေါ်လာ ၇၅ သန်းထိ အသုံးပြု၍ ရို့စ်ချိုင့်ဝှမ်းရေသန့်စင်စက်ရုံ တည်ဆောက်မှုကို ယာယီရပ်ဆိုင်းထားရသည်ဟု စီမံကိန်းတာဝန်ခံ ဖီလီယန်က ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် ပြီးခဲ့သည့်မေလမှစတင်၍ ဩဂုတ်လထိ လောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး စက်တင်ဘာလအတွင်း၌လည်း တောမီးလောင်ကျွမ်းမှုအကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုမြင့်မားခဲ့ပြီး ပြည်သူများအတွက် အထောက်အကူဖြစ်စေမည့်စီမံကိန်းများကိုလည်း ရပ်ဆိုင်းခဲ့ရသဖြင့် ကြီးမားသည့် ထိခိုက်နစ်နာမှုများ ရှိနေကြောင်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"လောလောဆယ်မှာ တောမီးလောင်ကျွမ်းမှုကြောင့် ရေသန့်စင်စက်ရုံ တည်ဆောက်မှုကို ယာယီရပ်ဆိုင်းထားရတယ်။ ဒီရေသန့်စင်စက်ရုံဟာ ဒေသခံတွေရဲ့ သောက်သုံးရေလုံခြုံရေးနဲ့ ကျန်းမာရေးအတွက် အလွန်ကိုအရေးကြီးတဲ့ စက်ရုံဖြစ်ပါတယ်။ ဒါကြောင့်လဲ ငွေကြေးအမြောက်အမြားသုံးစွဲပြီးတော့ စက်ရုံကို အမြန်ဆုံးတည်ဆောက်နေတာလဲဖြစ်ပါတယ်။ တောမီးကူးစက်လောင်ကျွမ်းမှုမရှိစေဖို့ကိုသာ လုပ်ဆောင်နေရတဲ့အတွက် စက်ရုံတည်ဆောက်မှုတွေက နှောင့်နှေးနေတယ်။ တောမီးလောင်ကျွမ်းမှုကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်မှပဲ စက်ရုံတည်ဆောက်မှုကို အပြည့်အဝ အာရုံစိုက်နိုင်တော့မှာပါ"ဟု ဖီလီယန်က ပြောကြားသည်။

**Ref : CBC**
**Trs : Sai Sat**



# နယူးဇီလန်နိုင်ငံတွင် အယ်လ်နီညိုရာသီဥတု ရောက်ရှိလာပြီဖြစ်ကြောင်း သတိပေးချက်ထုတ်ပြန်

**ဝယ်လင်တန် အောက်တိုဘာ ၃၀**

ရာသီဥတုပြောင်းလဲနေသည့် နယူးဇီလန်နိုင်ငံတွင် မူလကကြိုတင်ခန့်မှန်းထားသည့်အတိုင်း အယ်လ်နီညိုရာသီဥတု ရောက်ရှိလာပြီဖြစ်ကြောင်း နယူးဇီလန်ရေထုနှင့် လေထု သုတေသနအင်စတီကျု(NIWA) က သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အယ်လ်နီညိုရာသီဥတုသည် စက်တင်ဘာ ၂၉ ရက်က နယူးဇီလန်နိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး နယူးဇီလန်နိုင်ငံရှိ အဓိကကျွန်းများတွင် အပူချိန်စတင်မြင့်တက်နေပြီဖြစ်ကြောင်း၊ အယ်လ်နီညိုရာသီဥတုသည် ဩစတြေးလျနိုင်ငံဘက်မှ စတင်လာခဲ့ခြင်းဖြစ်ပြီး အယ်လ်နီညို ရာသီဥတုကြောင့် လာမည့် သုံးလတာကာလအတွင်း လေတိုက်နှုန်းမြင့်မားမှု၊ အပူချိန်ပြောင်းလဲမှုမြန်ဆန်ခြင်းနှင့် ပုံမှန်မဟုတ်သည့် မိုးရွာသွန်းမှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း NIWA က ထုတ်ပြန်သွားခဲ့သည်။

"ဩစတြေးလျနိုင်ငံဘက်ကနေ ပုံမှန်မဟုတ်တဲ့ လေပူတွေတိုက်ခတ်လာတယ်။ နယူးဇီလန်တောင်ဘက်ပိုင်းနဲ့ အလယ်ပိုင်းမှာတော့ လေအေးတွေ တိုက်ခတ်နေတယ်။ အယ်လ်နီညို ရာသီဥတုကြောင့် လာမဲ့ သုံးလတာကာလအတွင်း လေတိုက်နှုန်းမြင့်မားမှု၊ အပူချိန်ပြောင်းလဲမှုမြန်ဆန်ခြင်းနဲ့ ပုံမှန်မဟုတ်တဲ့ မိုးရွာသွန်းမှုတွေဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ အယ်လ်နီညို ရာသီဥတုကြောင့် နယူးဇီလန်နိုင်ငံရဲ့ နို့ထွက်ပစ္စည်းကုန်ထုတ်လုပ်မှုနဲ့ အသားထုတ်လုပ်မှုလုပ်ငန်းတွေ အခက်တွေ့လာနိုင်ပါတယ်"ဟု နယူးဇီလန် ရေထုနှင့် လေထု သုတေသနအင်စတီကျု (NIWA) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နယူးဇီလန် တောင်ကျွန်းနှင့် မြောက်ကျွန်းတို့တွင် မိုးရွာသွန်းမှုများ ဖြစ်ပေါ်လာမည်ဖြစ်သော်လည်း ပုံမှန်ရွာသွန်းလေ့ရှိသည့် ပမာဏထက် လျော့နည်းဖွယ်ရှိနေကြောင်း နယူးဇီလန် ရေထုနှင့် လေထု သုတေသနအင်စတီကျု (NIWA) က ထုတ်ပြန်ခဲ့သည်။

**Ref : RNZ**
**Trs : Sai Sat**

# အိန္ဒိယနိုင်ငံ ကာတာနာကာပြည်နယ်ရှိ ကာဗာရီမြစ်ရေကို မျှဝေသုံးစွဲနေရမှုအပေါ် မကျေနပ်သဖြင့် ကာတာနာကာပြည်နယ်တောင်သူများအသင်း ဆန္ဒထုတ်ဖော်

**နယူးဒေလီ အောက်တိုဘာ ၃၀**

အိန္ဒိယနိုင်ငံ ကာတာနာကာပြည်နယ်ကိုဖြတ်သန်း၍ တမီလ်နာဒူပြည်နယ်သို့ စီးဆင်းနေသည့် ကာဗာရီမြစ်ရေကို မျှဝေသုံးစွဲနေရမှုအပေါ် မကျေနပ်သဖြင့် ကာတာနာကာပြည်နယ် တောင်သူများအသင်းက စက်တင်ဘာ ၂၉ ရက်က ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

ကာတာနာကာပြည်နယ် တောင်သူများအသင်းက ကာဗာရီမြစ်ရေကို ကာတာနာကာပြည်နယ်မှ ဒေသခံများကသာ အဓိကသုံးစွဲရမည်ဖြစ်သည်ဟု အာဏာပိုင်အဖွဲ့အစည်းကို ဆန္ဒထုတ်ဖော်တောင်းဆိုခဲ့ကြကြောင်း၊ အိန္ဒိယနိုင်ငံတွင် မိုးနည်းသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေလိုအပ်ချက်များရှိနေပြီး ကာတာနာကာပြည်နယ်နှင့် တမီလ်နာဒူပြည်နယ်မှ တောင်သူ သန်းနှင့်ချီ၍ ကာဗာရီမြစ်ရေကိုသာ အဓိကအားထားနေရကာ မြစ်တစ်စင်းတည်းကို ပြည်နယ်နှစ်ပြည်နယ်က မျှဝေသုံးစွဲနေရသည့်အတွက် ပြည်နယ်နှစ်ပြည်နယ်အကြား အငြင်းပွားမှုများ ဖြစ်ပေါ်နေသည်မှာလည်း ကာလရှည်ကြာနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ပြည်နယ်ကပိုင်တဲ့မြစ်ရေကို အခြားပြည်နယ်ထဲ စီးဝင်ခွင့်မပြုနိုင်ပါဘူး။ လက်ရှိ မိုးနည်းတဲ့အတွက် ကျွန်တော်တို့ ပြည်နယ်အတွင်းက စိုက်ပျိုးမြေတွေမှာ ရေလိုအပ်ချက်တွေရှိနေတယ်။ ကျွန်တော်တို့စိုက်ခင်းတွေအတွက် အခက်တွေ့စေနိုင်မဲ့ အဖြစ်မျိုး အရောက်မခံနိုင်ပါဘူး"ဟု ကာတာနာကာပြည်နယ်တောင်သူများအသင်းခေါင်းဆောင် ရာမာနူဂျန်က ပြောကြားခဲ့သည်။

သို့သော်လည်း တမီလ်နာဒူပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ကာဗာရီမြစ်ရေကို ပြည်နယ်နှစ်ပြည်နယ်က စနစ်တကျမျှဝေသုံးစွဲရမည်ဖြစ်သကဲ့သို့ ကာတာနာကာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် ကာဗာရီမြစ်ရေ စီမံခန့်ခွဲမှု အားနည်းနေခြင်းသာဖြစ်ကြောင်း ဝေဖန်ခဲ့သည်။

**Ref : Times Live**
**Trs : Sai Sat**

# မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်းဖြည့်ဆည်းပေးကြရမည့် သက်ကြီးရွယ်အိုများအခွင့်အရေး

**❖ ကုလသမဂ္ဂက UDHR ၏ ၇၅ နှစ်ပြည့် စိန်ရတုအခါသမယနှင့် တိုက်ဆိုင်၍ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဦးတည်ဆောင်ပုဒ်ကို "သက်ကြီးသူများဘဝသာယာဖို့ သက်ရွယ်စုံညီ ပါဝင်လို့ ဝိုင်းဝန်းဖြည့်ဆည်းကြပါစို့" "Fulfilling The Promises of The Universal Declaration of Human Rights For Older Persons: Across Generations" ဟု သတ်မှတ်ပေးလိုက်ခြင်းဖြစ်သည်။ ခေတ်အဆက်ဆက် သက်ကြီးရွယ်အိုများ ရရှိခံစားခွင့်ရှိသည့် အခြေခံအခွင့်အရေးများကို မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်းဖြည့်ဆည်းပေးရန် တာဝန်ရှိမှုကို ဤဆောင်ပုဒ်က မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။ ❖**

၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုချမှတ်ထုတ်ပြန်ခဲ့သည့် **အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights-UDHR)** ၏သက်တမ်းကား ၇၅ နှစ်ပြည့်တော့မည်။ ဤကာလအတွင်း အဆိုပါစာတမ်းအပေါ် အခြေပြု၍ ထိခိုက်လွယ်ပြီး အင်အားနည်းသည့် အုပ်စုဝင်အမျိုးသမီးများ၊ ကလေးသူငယ်များနှင့်မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း (သဘောတူစာချုပ်)များ သီးသီးသန့်သန့် ထွက်ပေါ်လာပြီးဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများစွာကလည်း ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်သည်။ သို့ရာတွင် ထိခိုက်လွယ်အုပ်စုတွင် ကျန်ရှိနေသေးသောသက်ကြီးရွယ်အိုများအတွက် လိုအပ်နေသော ကွန်ဗင်းရှင်းတစ်ရပ် ထွက်ပေါ်လာမှုမရှိသေးခြင်းအပေါ် အားမလိုအားမရဖြစ်မိသည်။

**ကမ္ဘာတစ်ဝန်း ပိုမိုဖြည့်ဆည်းကာကွယ်ပေးရမည့် သက်ကြီးရွယ်အိုအခွင့်အရေး**

စင်စစ် သက်ကြီးရွယ်အို စောင့်ရှောက်ရေး၊ တစ်နည်းအားဖြင့် သက်ကြီးရွယ်အိုများအခွင့်အရေးကို ကုလသမဂ္ဂအဖွဲ့ကြီးက လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်ကပင် စတင်အာရုံစိုက်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ပထမအကြိမ်၊ ၂၀၀၂ ခုနှစ်တွင် စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ဒုတိယအကြိမ် ကမ္ဘာ့သက်ကြီးရွယ်အိုများဆိုင်ရာညီလာခံများကျင်းပကာ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပေးခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အရ နှစ်စဉ်အောက်တိုဘာ ၁ ရက်ကို **အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ (International Day of Older Persons-IDOP)** ဟု ဂုဏ်ပြုသတ်မှတ်ပေးသည်။ ၁၉၉၁ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ် ၄၆/၁၉၉၁ ဖြင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အခြေခံမူ (United Nations Principle for Older Persons) ငါးရပ်ကို ချမှတ်ပေးခဲ့သည်။ ၁၉၉၇ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၁၈/၁၉၉၇ ဖြင့် ၁၉၉၉ ခုနှစ်ကို **အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ် (International Year of Older Persons)** ဟု သတ်မှတ်ပေးခဲ့သည်။ ကုလသမဂ္ဂက နှစ်စဉ်နှစ်တိုင်း ဦးတည်ချက်ဆောင်ပုဒ်များ ချမှတ်ပေးလေ့ရှိရာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများစွာတွင် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများ၊ အခမ်းအနားများကို ကျင်းပပြုလုပ်ကြမြဲဖြစ်သည်။

သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တစ်ရပ် ထွက်ပေါ်လာနိုင်ရန် ၂၀၁၀ ပြည့်နှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက်အမှတ် A/RES/65/182 ဖြင့် Open-ended Working Group on Ageing for the purpose of Strengthening the protection of the human rights of older persons (OEWGA) ကို ဖွဲ့စည်းပေးလိုက်သည်။

**၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဦးတည်ချက်**

၂၀၁၉ ခုနှစ် World Population Ageing ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်းတွင် အသက် ၆၅ နှစ်နှင့်အထက် လူဦးရေသန်းပေါင်း ၇၀၀ ကျော်ရှိနေပြီး ၂၀၅၀ ပြည့်နှစ်ရောက်ပါက ၁ ဒသမ ၅ ဘီလီယံထိ တိုးမြင့်ရောက်ရှိကာ လူခြောက်ဦးတွင် တစ်ဦးမှာ သက်ကြီးရွယ်အိုဖြစ်လာမည်ဟု ခန့်မှန်းထားသည်။

ဒုတိယအကြိမ် ကမ္ဘာ့သက်ကြီးရွယ်အိုများဆိုင်ရာညီလာခံက သက်ကြီးရွယ်အိုများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာရေး၊ ၎င်းတို့ကို ကူညီစောင့်ရှောက်ပေးမည့်ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းရေးဟူသည့် လုပ်ငန်းအစီအစဉ်များကို ကမ္ဘာ့နိုင်ငံအသီးသီး၌ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ချမှတ်ထားပြီးဖြစ်သည်။ သို့ရာတွင် ဆယ်စုနှစ် နှစ်ခုကျော်လာသည့်တိုင် သိသာထင်ရှားစွာ တိုးတက်မှုရှိမလာခဲ့ပေ။ ခေတ်စနစ်များ ပြောင်းလဲလာသည်နှင့်အမျှ မျိုးဆက်သစ် သားသမီးမြေးမြစ်များက သက်ကြီးရွယ်အို မိဘဘိုးဘွားများအပေါ် တာဝန်ယူစောင့်ရှောက်မှုများ ပေါ့လျော့ပျက်ယွင်းလာသည်။ ထို့ပြင် အမျိုးမျိုးသောပစ်ပယ်ခွဲခြားဆက်ဆံမှုနှင့် တန်းတူညီမျှမရှိမှုများက သက်ကြီးရွယ်အိုတို့၏ ဂုဏ်သိက္ခာ၊ လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့ကိုပါ ခြိမ်းခြောက်မှုများရှိလာသည်။

သက်ကြီးရွယ်အိုတို့၏ နေ့စဉ်လူမှုဘဝတွင် ခွဲခြားဆက်ဆံခံရခြင်း၊ ပူးပေါင်းပါဝင်ခွင့်မရခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခွင့်မရခြင်း၊ သတင်းအချက်အလက်များမရရှိခြင်း၊ တန်းတူညီမျှမှုမရှိခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မရှိခြင်း စသည့် အခြေခံလူ့အခွင့်အရေးများ၊ ထိပါးစော်ကားခံရမှုများ ကမ္ဘာတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လျက်ရှိနေသည်မှာ ရတက်မအေးဖွယ် ဖြစ်လာရသည်။ ထို့ကြောင့် ကုလသမဂ္ဂက UDHR ၏ ၇၅ နှစ်ပြည့် စိန်ရတုအခါသမယနှင့် တိုက်ဆိုင်၍ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဦးတည်ဆောင်ပုဒ်ကို **"သက်ကြီးသူများဘဝသာယာဖို့ သက်ရွယ်စုံညီပါဝင်လို့ ဝိုင်းဝန်းဖြည့်ဆည်းကြပါစို့" "Fulfilling The Promises of The Universal Declaration of Human Rights For Older Persons: Across Generations"** ဟု သတ်မှတ်ပေးလိုက်ခြင်းဖြစ်သည်။ ခေတ်အဆက်ဆက် သက်ကြီးရွယ်အိုများ ရရှိခံစားခွင့်ရှိသည့် အခြေခံအခွင့်အရေးများကို မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်း ဖြည့်ဆည်းပေးရန် တာဝန်ရှိမှုကို ဤဆောင်ပုဒ်က မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။

**စောင့်ထိန်းရမည့်ကျင့်ဝတ်များလစ်ဟင်းလာ**

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း သက်ကြီးရွယ်အိုတိုးပွားမှုနှုန်း မြင့်မားလာပြီး နိုင်ငံတစ်ဝန်းလုံး၌ သက်ကြီးရွယ်အိုဦးရေ ၄ ဒသမ ၅ သန်းခန့် ရှိလာပြီဖြစ်ရာ မြန်မာ့လူဦးရေ ၅၅ သန်းကျော်နှင့်တွက်ချက်လျှင် မြန်မာ ၁၂ ဦးတွင် တစ်ဦးသည် သက်ကြီးရွယ်အိုစာရင်းဝင် ဖြစ်လာသည်။ ရှောင်လွှဲ၍မရနိုင်သော လူဦးရေအချိုးအစား ပြောင်းလဲမှုက သက်ကြီးရွယ်အိုများကို စိန်ခေါ်စပြုလာသည်။ ရှေးကကဲ့သို့ မျိုးဆက်တစ်ခုထက်မက လက်ရည်တစ်ပြင်တည်း နေထိုင်ကြသော မိသားစုများနည်းပါးလာသည်။ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားဟူသည့် မြန်မာဆိုရိုးစကားကို မျက်ကွယ်ပြုလာကြသည်။ စောင့်ထိန်းရမည့် မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်များ ပျက်ယွင်းလာကြသည်။ အစ်ကိုကြီးအဖအရာ၊ အစ်မကြီးအမိအရာ ဆိုသည့်အတိုင်း ညီငယ်၊ ညီမငယ်တို့က အစ်ကိုကြီး၊ အစ်မကြီးတို့ကို မိဘသဖွယ် လေးစားကြရသကဲ့သို့ အစ်ကိုကြီး၊ အစ်မကြီးများကလည်း ညီငယ်၊ ညီမငယ်တို့ကို သားသမီးသဖွယ် ကာကွယ်စောင့်ရှောက်ကြရမည့် ဝတ္တရားများလည်း ပေါ့လျော့လစ်ဟင်းမှုများရှိလာသည်။

မျက်မှောက်ခေတ်တွင် မျိုးဆက်သစ်လူငယ်လူရွယ်များသည် နိုင်ငံတကာဆက်စပ်ယှက်နွယ်ပြောင်းလဲမှုဖြစ်စဉ်တွင် မလွှဲမရှောင်သာ လိုက်ပါစီးမျောနေကြရသည်။ လူငယ်တချို့မှာ ယဉ်ကျေးမှုကူးလူးယှက်နွယ်မှုတွင် အကောင်းကိုအတုမယူ၊ အဆိုးကိုအတုယူမိခြင်းကြောင့် ခေတ်ရေစီးကြောင်းနှင့် လိုက်ပါခြင်းမဟုတ်ဘဲ ခေတ်ရေဆိုးမြောင်းအတွင်း လိမ့်ကျမျောပါလျက်ရှိကြသည်။ ထိုထိုသော လူငယ်လူရွယ်များအပေါ် အားထားယုံကြည်မှီခိုနေရသော ဘိုးဘွားမိဘသက်ကြီးရွယ်အိုတချို့မှာ နှလုံးစိတ်ဝမ်းမချမ်းမြေ့ဖွယ် အဖြစ်ဆိုးများနှင့် ကြုံတွေ့နေကြရသည်။ အဆိုပါဝဲဩဃသံသရာအတွင်း ယခုထက်ပို၍ မနစ်မွန်းစေရန် ဝိုင်းဝန်းတည့်မတ်ပြုပြင်ပေးရန် အားလုံးတွင် တာဝန်ရှိသည်။ ယဉ်ကျေးလိမ္မာ မျိုးမြန်မာတို့များစွာထွက်ပေါ်လာမှသာလျှင် နိုင်ငံတော်၏ အနာဂတ်အရေး စိတ်အေးရပါမည်။

**မြန်မာနိုင်ငံ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး**

မြန်မာနိုင်ငံသည် ရှေးမြန်မာမင်းများလက်ထက်မှစ၍ မျက်မှောက်ခေတ်တိုင် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများကို အစဉ်အဆက်လက်ဆင့်ကမ်း ဆောင်ရွက်ခဲ့သောနိုင်ငံဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံလည်းဖြစ်၊ အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံလည်းဖြစ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည့်အားလျော်စွာ ၁၉၉၉ ခုနှစ် နောက်ပိုင်းမှစ၍ မူဝါဒအသစ်များချမှတ် ဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ်မေလတွင် အာရှ-ပစိဖိတ်ဒေသ သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။ ၂၀၁၂ ခုနှစ် ဇွန် ၂၅ ရက်တွင် လူမှုရေးကာကွယ်စောင့်ရှောက်မှုဆိုင်ရာညီလာခံတစ်ရပ်ကို နေပြည်တော်၌ ကျင်းပခဲ့သည်။ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံကိန်းကို ၂၀၁၄ ခုနှစ် ဇွန်လတွင် လည်းကောင်း၊ သက်ကြီးရွယ်အိုများကို လူမှုရေးပင်စင်ပေးအပ်ရေးနှင့် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များကို ပံ့ပိုးရေးဟူသည့် လုပ်ငန်းများပါရှိသော မြန်မာနိုင်ငံလူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင်လည်းကောင်း စတင်ချမှတ်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် နိုင်ငံတစ်ဝန်းလုံးရှိ အသက် ၁၀၀ နှင့်အထက် သက်ကြီးဝါကြီးဘိုးဘွား ၁၇၉ ဦးကို ငွေကျပ် နှစ်သိန်းစီ ပံ့ပိုးခြင်းမှအစပြု၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်များတွင် အသက် ၉၀ နှင့်အထက် ဘိုးဘွားများကို နှစ်စဉ်ပံ့ပိုးမှုများပြုနိုင်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှစ၍ လူမှုရေးပင်စင်အဖြစ် အသက် ၉၀နှင့်အထက် သက်ကြီးရွယ်အိုတစ်ဦးလျှင် လစဉ် ငွေကျပ် ၁၀၀၀၀ နှုန်းပံ့ပိုးပေးခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အစအောက်တိုဘာလမှစ၍ အသက် ၈၅ နှစ်သို့ ပြောင်းလဲလျှော့ချကာ ဆက်လက်ပံ့ပိုးမှုပြုခဲ့ရာ ၂၀၂၃ ခုနှစ်တွင် အကျိုးခံစားခွင့်ရရှိသူ ၂၃၂၇၀၃ ဦးရှိပြီဟု သိရသည်။

သက်ကြီးရွယ်အိုများ၏ ရင်တွင်းစကားကို စာနာဆပ်ွား အလေးထားနိုင်ရန်ရည်ရွယ်၍ သက်ကြီးပုဂ္ဂိုလ်များတွေ့ဆုံနှီးနှောခြင်း အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်က ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ တက်ရောက်လာသောဘိုးဘွားများက အုပ်စုများခွဲ၍ ဘိုးဘွားများနှင့် ပတ်သက်သည့် စောင့်ရှောက်မှုအစီအစဉ်များ၊ သက်ကြီးဖြစ်စဉ်နှင့် စိတ်ပိုင်းဆိုင်ရာဖြည့်ဆည်းပေးရမည့်အချက်များ၊ ဖြစ်ပွားတတ်သည့်ရောဂါများမှ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရမည့်အချက်များ၊ ပုံမှန်ဝင်ငွေ၊ စားသောက်နေထိုင်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခွင့် စသည့်ခေါင်းစဉ်များကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့်အတူ ဆွေးနွေးခဲ့ကြသည်။ ဤကဲ့သို့သော ဆွေးနွေးပွဲများကို အခါအားလျော်စွာ ပြုလုပ်ပေးခြင်းဖြင့် ၎င်းတို့ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲပြဿနာများကို သိမြင်နားလည်ကာ ဆောင်ရွက်ဖွယ်ရာအဖြာဖြာတို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပေသည်။

**လက်ဆင့်ကမ်းဖြည့်ဆည်းပေးကြစို့**

ဘိုးဘွားမိဘများက ၎င်းတို့၏ ကလေးများကို ပန်းလိုစိုက်ပျိုး၊ ပိုးလိုမွေးမြူခဲ့ကြသည်။ ထိုက်သင့်သော ကလေးသူငယ်၊ လူငယ်အခွင့်အရေးများ အားလုံးကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးခဲ့ကြသည်။ သူတို့ကြောင့်လည်း လူတစ်လုံးသူတစ်လုံးဖြစ်လာရသည်။ ယခုမိမိတို့က ပြန်လည်ပေးဆပ်ရမည့်အလှည့်သို့ရောက်ရှိလာပြီ။ မိမိတို့ကိုယ်တိုင်က ဘိုးဘွားမိဘ သက်ကြီးရွယ်အိုများအပေါ် စာနာဆပ်ွား အလေးထားမှုသာ မိမိတို့ကမွေးဖွားလာသော မျိုးဆက်သစ်ကလေးများကလည်း အတုမြင်အတတ်သင်ဆိုသလို စံနမူနာယူကြမည်ဖြစ်သည်။ သို့ဖြစ်၍ သက်ကြီးရွယ်အိုများ ရရှိခံစားအပ်သော အခွင့်အရေးများကို မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်းဖြည့်ဆည်းပေးခြင်းဖြင့် သာယာချမ်းမြေ့ဖွယ်သော မြန်မာ့လူ့ဘောင်ကို အလှဆင်ဖန်တီးပေးကြပါစို့။

ကြည်ထွန်း(လူမှု)

# Asian Academy Creative Awards 2023 အတွက် မြန်မာနိုင်ငံမှ ရုပ်သံဇာတ်လမ်းတွဲနှစ်ခု၊ သရုပ်ဆောင်သုံးဦးနှင့် ဒါရိုက်တာတစ်ဦးတို့ ဆန်ခါတင်စာရင်း၌ပါဝင်




**ရန်ကုန် စက်တင်ဘာ ၃၀**

Asian Academy Creative Awards 2023 အတွက် မြန်မာနိုင်ငံမှ ရုပ်သံဇာတ်လမ်းတွဲနှစ်ခု၊ သရုပ်ဆောင် သုံးဦးနှင့် ဒါရိုက်တာတစ်ဦးတို့ ဆန်ခါတင်စာရင်း၌ ပါဝင်ထားကြောင်း အကောင်းဆုံး အမျိုးသမီးဇာတ်ပို့သရုပ်ဆောင်ဆုတွင် ဆန်ခါတင်စာရင်းဝင်ထားသူ သရုပ်ဆောင် စုထက်က ပြောပြ၍ သိရသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်မည့် Asian Academy Creative Award 2023 အတွက် နိုင်ငံကိုယ်စားပြု ဆန်ခါတင်စာရင်း (National Winner) တွင် CANAL+ Myanmar ၏ ရုပ်သံဇာတ်လမ်းတွဲများဖြစ်သည့် မောင်မောင်တို့ရဲ့ မောင်မောင်သည် အကောင်းဆုံးဟာသရုပ်သံအစီအစဉ်ဆု (Best Comedy Program Award) နှင့် အိပ်မက်ပိုတောသည် အကောင်းဆုံးရုပ်သံစီးရီးဆု(Best Drama Series Award) တွင် နိုင်ငံကိုယ်စားပြုဆန်ခါတင်စာရင်းဝင်ခဲ့ပြီး ချိုခါးဆိမ့်သက် အချစ်တစ်ခွက် ရုပ်သံဇာတ်လမ်းတွဲဖြင့် သရုပ်ဆောင်စုထက်သည် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့သရုပ်ဆောင်ဆု (Best Actress In A Supporting Role) တွင် ဆန်ခါတင်စာရင်းဝင်ခဲ့ကြောင်း သိရသည်။

"ဂျူလီယာဆိုတဲ့ ဇာတ်ကောင်နာမည်နဲ့ကောင်မလေးကို မှတ်မိကြသေးလား။ အဲဒီ ဂျူလီယာဆိုတဲ့ ဇာတ်ကောင်လေးနဲ့ စင်ကာပူနိုင်ငံက ချီးမြှင့်တဲ့ Asian Academy Creative Awards ရဲ့ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု ရွေးချယ်ခံခဲ့ရပါတယ်။ အခြားနိုင်ငံက သရုပ်ဆောင်တွေနဲ့ ယှဉ်ပြီးရွေးချယ်ခံရတာမို့ တအားပျော်နေပါတယ်"ဟု သရုပ်ဆောင် စုထက်က ပြောပြသည်။

အလားတူ Asian Academy Creative Awards 2023 အတွက် ဆန်ခါတင်စာရင်းများကို ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာနိုင်ငံ MAHA Application မှ ထုတ်လွှင့်ထားသည့် တမြေ့မြေ့မိုး ဇာတ်ကားမှ သရုပ်ဆောင် အေးချမ်းမောင်နှင့် ပန်းရောင်ခြယ်တို့သည် Best Actor/Actress in Leading Role-National Winner အတွက် ဆန်ခါတင်စာရင်းတွင် ပါဝင်ထားကြောင်း၊ ထို့ပြင် Best Direction (Fiction)အတွက် ဆန်ခါတင်စာရင်းတွင်လည်း မဟာရဲ့ရန်ကုန်ညများ ဇာတ်လမ်းကို ပုံဖော်ရိုက်ကူးခဲ့သူ ဒါရိုက်တာ Sai Nyan Linn Set သည် ဆန်ခါတင်စာရင်းတွင် ပါဝင်ကြောင်း သိရသည်။

ASH

# Star Trek ဇာတ်ကားရိုက်ကူးရေးစီစဉ်နေ

**နယူးယောက် စက်တင်ဘာ ၃၀**

အမေရိကန်စာရေးဆရာများ အသင်းသမဂ္ဂ၏ သပိတ်ပြီးဆုံးခဲ့ပြီးနောက် Paramount ရုပ်ရှင်ကုမ္ပဏီသည် Star Trek ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရေးအတွက် ဦးစားပေးစီစဉ်နေကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

သို့ရာတွင် Paramount ၏ Star Trek ဇာတ်ကားသည် ယခင်ကြေညာထားပြီးဖြစ်သည့် Star Trek-4 ဇာတ်ကားမဟုတ်ဘဲ Star Trek ဇာတ်လမ်းကျောရိုးကို အသွင်သစ်ဖြင့် ပြန်လည်ရိုက်ကူးမည့် ဇာတ်ကားသစ်ဖြစ်သည်။

Paramount ၏ Star Trek-4 ဇာတ်ကားမှာ ထုတ်လုပ်မှုဆိုင်ရာပြဿနာများကို အချိန်ကာလနှစ်နှင့်ချီ၍ ရင်ဆိုင်ခဲ့ရပြီး ဒါရိုက်တာအပြောင်းအလဲများလည်း ရှိခဲ့ရကြောင်း၊ Paramount ကုမ္ပဏီက ယခင်ထုတ်လုပ်ခဲ့ပြီးဖြစ်သည့် Star Trek ဇာတ်ကားသုံးကားတွင် မင်းသား ခရစ်ပိုင်းနှင့် ဇာချာကွင်တို့တို့က ပင်တိုင်သရုပ်ဆောင်များအဖြစ် ပါဝင်ခဲ့ပြီး Star Trek-4 တွင်လည်း ဆက်လက်ပါဝင်ဖွယ်ရှိသည်။

သို့ရာတွင် ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် Star Trek ဇာတ်ကားသစ်တွင် ပါဝင်မည့်သရုပ်ဆောင်များကိုမူ မသိရသေးကြောင်း သိရသည်။

**Ref: Screen Rant**
**Trs: KKO**



# ဟိုး..ဆရာ ရုပ်ရှင်ဇာတ်ကား အောက်တိုဘာလတွင် ရုံတင်ပြသသွားမည်




**ရန်ကုန် စက်တင်ဘာ ၃၀**

ရွှေမြန်မာရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ဟိုး..ဆရာ ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလတွင် မြန်မာတစ်နိုင်ငံလုံးရှိရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပြောပြ၍ သိရသည်။

ဟိုး..ဆရာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လွမ်းဝေအောင်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"လာမဲ့ အောက်တိုဘာလထဲမှာ ရုံတင်မဲ့ ဟာသဇာတ်မြူးဇာတ်ကားတစ်ကားပါ။ လူ့လောကမှာတင် မဟုတ်ဘူး။ ဝိညာဉ်လောကမှာလဲ ဘယ်လောက်ရှုပ်ထွေးသလဲဆိုတာ ဒီဇာတ်ကားမှာ မြင်ရမှာပါ။ သရုပ်ဆောင်တွေရဲ့ ဇာတ်ကောင်စရိုက်တစ်မျိုးစီကို မြင်ရမှာပါ"ဟု ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပြောပြသည်။

ဟိုး..ဆရာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် လွင်မိုး၊ ကျော်ရဲအောင်၊ မြင့်မြတ်၊ ခိုင်သင်းကြည်၊ အောင်ခိုင်၊ ဝါဝါအောင်၊ ညီထွဋ်ခေါင်၊ ပက်ထရစ်ရှာ၊ ကင်းကောင်၊ ခင်လှိုင်၊ တက္ကသိုလ်ဂွမ်းပုံ၊ ပွင့်ဖြူ၊ ဇင်မျိုး စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The Equalizer-3 ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေကန်ဒေါ်လာ သန်း ၁၅၀ ကျော်ရရှိ

**နယူးယောက် စက်တင်ဘာ ၃၀**


ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ The Equalizer -3 ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၅၀ ကျော်ထိ ရရှိထားပြီဖြစ်ကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

The Equalizer -3ဇာတ်ကားသည် စတင်ရုံတင်ပြီး ၂၇ ရက်အကြာ စက်တင်ဘာ ၂၈ ရက်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၅၀ ကျော်လွန်ခဲ့ခြင်းဖြစ်ပြီး အထက်ပါဝင်ငွေအတိုင်းအဆအရ အဆိုပါဇာတ်ကားသည် The Equalizer ဇာတ်ကားများအနက် ကမ္ဘာတစ်ဝန်းဝင်ငွေအကောင်းဆုံး ဇာတ်ကားဖြစ်လာနိုင်သည်။

နှိုင်းယှဉ်ကြည့်ပါက The Equalizer (2014)၏ကမ္ဘာတစ်ဝန်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၉၂ သန်းထိရှိခဲ့ပြီး The Equalizer -2 ဇာတ်ကားမှာ ကမ္ဘာတစ်ဝန်းဝင်ငွေ ၁၉၀ သန်းထိရရှိခဲ့သည်။

လက်ရှိရုံတင်ပြသဆဲ The Equalizer -3အပါအဝင် The Equalizer ဇာတ်ကားသုံးကားစလုံးကို ဒါရိုက်တာ အန်တိုနီဖူကွာက ရိုက်ကူးပေးခဲ့ပြီး မင်းသား ဒန်ဇယ်ဝါရှင်တန်က အဓိကဇာတ်ကောင်အဖြစ် ပါဝင်ခဲ့ကြောင်း သိရသည်။

**Ref : Movieweb**
**Trs : KKO**




# အင်းတော်ကြီးအိုင် ရွှေမဉ္ဇူရေလယ်စေတီတော်မြတ်တွင် ဆီမီး ၁၅၀၀ ပူဇော်ပွဲကို ရှမ်းနီတိုင်းရင်းသားရိုးရာအကများဖြင့် ကျင်းပသွားမည်

**မိုးညှင်း စက်တင်ဘာ ၃၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးအိုင် ရွှေမဉ္ဇူ ရေလယ်စေတီတော်မြတ်တွင် ဆီမီး ၁၅၀၀ ပူဇော်ပွဲကို ရှမ်းနီတိုင်းရင်းသားရိုးရာအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေမဉ္ဇူ ရေလယ်စေတီတော်မြတ် ဂေါပကအဖွဲ့ဝင် ဦးချစ်သန်းက ပြောပြ၍ သိရသည်။

အဆိုပါဆီမီး ၁၅၀၀ ပူဇော်ပွဲကို အောက်တိုဘာ ၂၉ ရက် (သီတင်းကျွတ်လပြည့်နေ့ည)တွင် ရွှေမဉ္ဇူ ရေလယ်စေတီတော်မြတ်၏ အင်းရေပြင်ပေါ်တွင် ကျင်းပသွားမည်ဖြစ်ပြီး အင်းဝဲယာတွင် ရှမ်းနီတိုင်းရင်းသားများက ရှမ်းနီရိုးရာ အဆို၊အကများဖြင့် ပူဇော်ကြမည်ဖြစ်သည်။

"အစဉ်အလာမပျက် ကျင်းပလေ့ရှိတဲ့ ပွဲတော်တစ်ခုလဲဖြစ်ပါတယ်။ အင်းရေပြင်ပေါ်မှာ ဆီမီးခွက်တွေနဲ့ မီးပူဇော်ကြမှာဖြစ်ပါတယ်။ ထုံးတမ်းစဉ်လာအတိုင်း ရှမ်းနီတိုင်းရင်းသားတွေကလဲ ရှမ်းနီရိုးရာအဆို၊ အကတွေနဲ့ မမ္မပူဇာတေးတွေနဲ့ သီဆိုကပြ ပူဇော်ကြမှာဖြစ်ပါတယ်။ လာရောက်သူတွေကို ဆီမီးခွက်တွေ အခမဲ့ပေးမှာဖြစ်ပါတယ်"ဟု ဦးချစ်သန်းကပြောပြသည်။

ရွှေမဉ္ဇူ ရေလယ်စေတီတော်မြတ်၏ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလပြည့်နေ့ထိ ရိုးရာအစဉ်အလာမပျက် ကျင်းပပြုလုပ်ကြောင်း၊ ထိုသို့ကျင်းပရာတွင် ဇာတ်သဘင်အကအဖွဲ့များ၊ ရှမ်းနီတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းများနှင့် အကအဖွဲ့များ၊ အင်းဘေးပတ်ဝန်းကျင် ကျေးရွာများမှ လှေလှော်အားကစားပြိုင်ပွဲနှင့် အခြားပျော်ပွဲရွှင်ပွဲများ၊ ဌာနဆိုင်ရာများမှ ပညာပေးပြခန်းများ ပါဝင်ပြသကြောင်း သိရသည်။

ASH

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing receives NCA signatory group led by Kayin national race leader Saw Mutu Sae Poe

## Start of a new step towards peace and stability in Kayin State and the entire Myanmar



Senior General Min Aung Hlaing receives the NCA signatory group led by Kayin national race leader Saw Mutu Sae Poe.

**Nay Pyi Taw September 30**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing received a group led by Kayin national race leader Saw Mutu Sae Poe at the parlour of Bayingnaung Villa here this morning and discussed matters relating to peace.

Also present together with the Senior General were Lt-Gen Ye Win Oo and senior military officers from Office of Commander-in-Chief, Chairman of National Unity and Peace Coordination Committee Lt-Gen Yar Pyae. Saw Mutu Sae Poe was accompanied by former KNU Central Committee member Saw Roger Khin and Chairman of Kawkareik District Pado Shwe Moung.

At the meeting, discussions were centred on the meeting that serves as the reinforcement for peace, baseless rumors about the dissolve of NCA as some EAOs were saying that as the assumption of State duties by the Tatmadaw is against the Constitution, vote rigging at the multiparty general elections that led the Tatmadaw to assume the duties in accord with 2018 Constitution, Tatmadaw's steadfastness to the Constitution and NCA and its efforts to restore peace in the entire country, Tatmadaw's overtures to peace dialogue that is always opened for EAOs, the wish of people of Kayin State to pursue a peaceful life, regional peace that will ensure greater progress, peace and socioeconomic prosperity that can be achieved through the restoration of peace and stability region wise, Saw Mutu Sae Poe's continuously responsibility for peace in Kayin State as he is a Kayin national race leader who signed the NCA, and invitation of frank discussions on requirements and constructive ideas for peace, stability and progress of Kayin State.

Saw Mutu Sae Poe and group said if one wants peace he should not apply hate-based actions. He and his group have stood firmly on peace since they signed the NCA. They thanked the Senior General for his patience in steering KNU correctly on the road to peace. They said the government, the hluittaw, the Tatmadaw and EAOs signed the NCA in the presence of diplomats from foreign missions including UN, and local witnesses. It is a legal agreement that will last forever. They expressed belief in NCA and their commitment to it in restoring peace. They said baseless and meaningless statements on NCA are unacceptable, adding, they accept multi-party democracy and love peace and stability. Instead of the armed struggle line, dialogue will be used in restoring peace and stability. Any action or word that may ruin peace is totally unacceptable. The NCA was reached through collective consensus and it is the only way to peace.

The Senior General said the meeting now is believed to be a step towards the peace and stability of Kayin State and then the peace of the whole nation. The Nationwide Ceasefire Agreement (NCA) is the highest agreement of the country as well as a pledge between the government and the ethnic armed organizations. The Constitution is also a pledge or agreement between the State and the people. The Tatmadaw is a part of the State, so it needs to respect the government's instructions, and the NCA and the Constitution aspired by the people. In advancing national peace, the Tatmadaw will continue to adhere to the NCA and the Constitution. This is why the door is always open to all the EAOs. They can come to make negotiations and discussions or they can invite the Tatmadaw to do so. Such discussions will be arranged in various military commands. The Karen National Union (KNU) is an EAO, whereas the so-called PDFs are terrorist organizations that are harming the lives and property of the people and regional peace and stability.The State Administration Council is working towards national prosperity and food and water security as national goals. Meanwhile, measures are being taken for the promotion of multi-party democracy and the establishment of a Union based on democracy and federalism as two political goals. Continued measures will be taken to hold a multi-party democratic election, the will of the people. Pursuing a democratic system will require many ethnic nationalities and representatives who can represent indigenous peoples and regions to come to the electoral platform. Ethnic Kayin leader Saw Mutu Sae Poe is an ethnic leader who himself participated in and signed the NCA. He is therefore invited to the ceremony to mark the eighth anniversary of the NCA that is going to take place soon.

Then the Senior General, the ethnic Kayin leaders and members discussed openly the conditions under which they could continue on the stronger and stronger path of peace.

After the meeting, the Senior General presented gifts to the ethnic Kayin leaders and members, who returned local products as a gift to him. They then posed for a documentary photo.

100

# MRF members may seek investment opportunities in bran oil production

**Yangon September 30**

The Myanmar Rice Federation stated that members of the federation which will be companies and rice millers may contact the federation for investment in bran oil production industry.

Bran oil can contribute to health condition of consumers. Such an investment will help production of bran oil with content of unsaturated fat.

The federation officials made trips to foreign countries for production of bran oil and refinery process so as to contribute to the local oil security.

Moreover, paddy husk and rice bran which are by-products of rice mills are being produced as the value-added products for domestic market.

336



Bottles of bran oil.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Organizers plan to hold Taunggyi Tazaungdaing traditional hot-air balloon festival in Nov



A previous Taunggyi Tazaungdaing traditional hot-air balloon festival in progress.

**Taunggyi September 30**

A total of 63 hot-air balloons will be released at the Taunggyi Tazaungdaing traditional hot-air balloon festival to be held in Southern Shan State in November, according to Sai Aung Myo, a member of the judging panel of the Southern Shan State Traditional Hot-air Balloon Professionals Association.

The Taunggyi Tazaungdaing traditional hot-air balloon festival, which is a famous festival in Taunggyi Township, Southern Shan State, will be held from November 21 to 27 at the Awaiyar Hot-air Balloon Field in Taunggyi Township.

This year, the traditional hot-air balloon festival will be prioritized rather than the competition format, and the initial plan is to release hot-air balloons comprising balloons with lightings at night fire, Seinnaban hot-air balloons with fireworks and the hot-air balloons in shapes of toys at day time.

At the Taunggyi Tazaungdaing traditional hot-air balloon festival held in 2019, 281 hot-air balloons in shapes of toys at day time, and 115 hot-air balloons comprising balloons with lightings at night and Seinnaban hot-air balloons with fireworks were released.

ASH

# MADB in Mandalay Region disburses more than K42 billion to farmers for cultivation of monsoon crops

**Mandalay September 30**

Mandalay Region Myanmar Agricultural Development Bank stated that it has disbursed more than K42 billion to local farmers for cultivation of monsoon crops this year.

The bank loaned to farmers as agricultural costs as from the third week of May this year. In this regard, loans went to 62,885 farmers from 670 villages of 23 townships to grow paddy and other crops. So far, the bank has disbursed K42.022 billion for cultivation of monsoon crops on 344,000 acres of farmlands, said region manager U Soe Ko Ko Win.

"We give loans to farmers from 23 townships. The loan disbursement will end at the end of September. Its interest rate is very soft at five per cent. Loans are purposed for farmers to grow monsoon crops. We issue loans to farmers in monsoon, cold season and pre-monsoon seasons annually," he added.

So far, the bank has presented loans to farmers for more than 344,000 acres of monsoon and other crops from 23 townships namely Chanayethazan, Amarapura, Patheingyi, PyinOoLwin, Madaya, Singu, Thabeikkyin,



A paddy field seen with local farmers.

Kyaukse, Singaing, TadaU, Myittha, Meiktila, Wundwin, Mahlaing, Thazi, Taungtha, Natogyi, Ngazun, Yamethin, Pyawbwe, NyaungU and Kyaukpadaung townships. In disbursement of loans, K150,000 each is issued for one acre of paddy and K100,000 per acre of groundnut, green gram, sesame, cotton, chickpea, black bean, soya bean, rice bean and maise.

185

# Myanmar gem merchants invited to attend International Gems Emporium in Mumbai of India

**Yangon September 30**

Indian authorities extended invitations to Myanmar gem merchants to attend the International Gems Emporium 2024 to be held in Mumbai of India, said information officer U Aung Thura of the exhibition section of UMFCCI.

The emporium 2024 will be organized by the Gem & Jewellery Export Promotion Council-JGPC under the Commerce and Industry Ministry of India in Mumbai of India from 5 to 8 January 2024.

"The Gem & Jewellery Export Promotion Council–JGPC invited Myanmar gem merchants to the Mumbai emporium 2024. Depending on the participants of Myanmar, the emporium will allot booths for Myanmar," he said.

Those interested merchants can enlist at the UMFCCI's exhibition section not later than 2 October.

ASH

# Storm Agnes: Weather warnings in force as storm reaches Ireland

**Dublin September 30**

Weather warnings are in place in Northern Ireland and the Republic of Ireland as Storm Agnes makes landfall on the island.

The storm - which is the first named storm of the season - is forecast to bring strong and disruptive winds until Thursday morning.

It is expected to arrive in Northern Ireland at lunchtime.

The Met Office and Met Éireann have warned of the possibility of disruption to travel.

In the Republic of Ireland a status orange wind warning for counties Carlow, Kilkenny, Wexford, Cork, Kerry, Tipperary and Waterford is in force until 17:00 BST, while an orange warning for rain is in place for Cork, Kerry and Waterford until 15:00.

A status yellow warning for rain is in place for Carlow, Dublin, Kilkenny, Wexford, Wicklow, Cork, Kerry and Waterford until midnight, with a yellow warning for wind covering Leinster, Munster and Galway during the same period.

In Northern Ireland a yellow warning for rain is in place until 20:00, with a yellow warning for wind active until Thursday at 07:00.

The Met Office has warned up to 30mm (1.2in) of rain could fall in a few hours in some places, while parts of the Mournes and Sperrins could see up to 50mm.

BBC

# Iraq fire: At least 100 killed in blaze at wedding party in Qaraqosh

**Baghdad September 30**

At least 100 people have died and 150 others are injured after a fire broke out during a wedding in Iraq's biggest Christian town.

Hundreds were celebrating in a banqueting hall in Qaraqosh in Nineveh province when it happened.

It is not known what started the fire but some reports suggest fireworks set it off.

Flammable panels fuelled the flames, causing parts of the ceiling to catch fire and fall, fire officials said.

"The fire led to the collapse of parts of the hall as a result of the use of highly flammable, low-cost building materials that collapse within minutes when fire breaks out," Iraq's civil defence directorate said, quoted by state news agency INA.

It was not immediately clear if the bride and the groom were among the victims.

Footage posted online showed the couple on the dance floor before flaming chunks begin falling onto the dance floor.

Firefighters could be seen climbing over the wreckage of the building in search of survivors on Wednesday morning.


BBC



Footage showed flaming chunks falling from the ceiling.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ကနေဒါစစ်ဘက်က MQ-9 Reaper ဒရုန်းများနှင့် Hellfire ဒုံးကျည်များ အမေရိကန်ထံမှဝယ်ယူရန် စီစဉ်



ကနေဒါစစ်ဘက်သည် MQ-9 Reaper ဒရုန်းများနှင့် Hellfire ဒုံးကျည်များကို အမေရိကန်ထံမှ ဝယ်ယူရန်စီစဉ်နေပြီး ၎င်းသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံရှိသည့် ကာကွယ်ရေးရင်းနှီးမြှုပ်နှံမှုအသစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း www.thedefensepost.com သတင်းဌာနက စက်တင်ဘာ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကနေဒါနိုင်ငံသည် အမေရိကန်အစိုးရ၊ General Atomic တို့နှင့် အရေအတွက်သတ်မှတ်ဖော်ပြထားခြင်းမရှိသော MQ-9 Reaper ဒရုန်းများ ရောင်းချပေးနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်လျက်ရှိကြောင်း ကနေဒါစစ်ဘက်နှင့် ကာကွယ်ရေးစက်မှုလုပ်ငန်းမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

ကနေဒါဒေါ်လာ သန်း ၄၀၀ (အမေရိကန်ဒေါ်လာ ၂၉၆ သန်း) ကျော် တန်ဖိုးရှိသည့် ဝယ်ယူရေးအမှာစာတစ်စောင်ကို လာမည့်နှစ် နွေဦးရာသီတွင် တင်သွင်းသွားမည်ဟုလည်း သိရသည်။

"အပြီးသတ်အဆင့်ကို အောင်မြင်စွာလုပ်ဆောင်နိုင်ပြီးရင် ဒီဘဏ္ဍာနှစ်အတွင်းမှာပဲ စာချုပ်ချုပ်ဆိုနိုင်ဖို့ မျှော်လင့်ပါတယ်" ဟု ကနေဒါ အမျိုးသားကာကွယ်ရေးပြောရေးဆိုခွင့်ရှိသူ ဂျက်ဆီကာလာမီရန်ဒီ၏ ပြောကြားချက်ကို ကိုးကား၍ Ottawa Citizen သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

"ဒီဘဏ္ဍာနှစ်အကုန်မှာ စာချုပ်ချုပ်ဆိုပြီးတဲ့အခါ ၂၀၂၈ ခုနှစ်မှာ ပထမဆုံးပေးပို့နိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဂျက်ဆီကာလာမီရန်ဒီက ပြောကြားသည်။

လွှဲပြောင်းပို့ဆောင်ပြီးသည်နှင့်ဒရုန်းများကို Ottawa မြို့တော်ရှိကွပ်ကဲမှုစင်တာတစ်ခုက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုလအစောပိုင်းတွင် အမေရိကန်အစိုးရသည် ကနေဒါ၏ AGM-114 Hellfire ဒုံးကျည် ၂၁၉ စင်းနှင့် ၎င်း၏ Reaper ဒရုန်းများအတွက် ဆက်စပ်ပစ္စည်းများကို ဝယ်ယူရန်စီစဉ်ထားကြောင်း ကြေညာခဲ့သည်။

အမေရိကန်နိုင်ငံ Boeing နှင့် Lockheed Martin ကုမ္ပဏီတို့က ထုတ်လုပ်ထားသည့် ဝေဟင်မှမြေပြင်ပစ်လက်နက်သည် ကောင်းကင်ယံ၌ အလျင်နှုန်းနှေးနှေးဖြင့် ပျံသန်းနေသောလေယာဉ်များ သို့မဟုတ် မြေပြင်ပေါ်ရှိတင့်၊ သံချပ်ကာ ယာဉ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။

ထို့ပြင် လေဆာများ သို့မဟုတ် အခြားသော လမ်းညွှန်စနစ်များကိုအသုံးပြု၍ တိကျသော ထိထိရောက်ရောက် တိုက်စွမ်းအားကို ပိုင်ဆိုင်ထားသည်။

AGM-114 Hellfire ဒုံးကျည်သည် မြောက်ပိုင်းအာတိတ်ဒေသ၌ ဒရုန်းများတွင်တပ်ဆင်၍ ကင်းလှည့်မှုများပြုလုပ်ခြင်းဖြင့် လက်ရှိနှင့် အနာဂတ်ခြိမ်းခြောက်မှုများကိုရင်ဆိုင်ရန် ကနေဒါနိုင်ငံ၏စွမ်းရည်ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း အမေရိကန်၏ အဆိုအရ သိရသည်။

အဆိုပါဒုံးလက်နက်ဝယ်ယူရေးသည် အမေရိကန်နှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နေချိန်တွင် ကနေဒါနိုင်ငံကို NATO မစ်ရှင်များဖြည့်ဆည်းတာဝန်ထမ်းဆောင်ရာတွင်လည်း ကူညီပေးနိုင်လိမ့်မည်ဖြစ်သည်။

၂၀၁၇ ခုနှစ်က ကနေဒါအစိုးရသည် နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန်အတွက် ဒရုန်းများတွင် ရင်းနှီးမြှုပ်နှံရန် ၎င်း၏အစီအစဉ်ကို အကြမ်းဖျင်းဖော်ပြခဲ့သည်။

ထို့နောက် လိုအပ်ချက်များနှင့်ကိုက်ညီစေရန် တင်ဒါပြိုင်ဆိုင်မှုတစ်ခု စတင်ခဲ့သော်လည်း ပါဝင်သည့် Developer များထဲမှတစ်ဦးက ယှဉ်ပြိုင်မှုမှ ထွက်သွားသောအခါ အစပျိုးလုပ်ဆောင်မှုတွင် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။

ယခင်နှစ် ဩဂုတ်လက ၎င်း၏အဆိုပြုချက်ကို တင်သွင်းခဲ့သည့် General Atomics သည် အစီအစဉ်အတွက် တစ်ဦးတည်းသော ပြိုင်ဘက်မရှိ ကုမ္ပဏီဖြစ်လာခဲ့သည်။ အစီရင်ခံစာအရ ပါဝင်သည့် ကုမ္ပဏီများသည် နိုင်ငံရပ်ခြားတွင်စစ်ဆင်ရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် လက်နက်တပ်ဆင်နိုင်သည့် ဒရုန်းများကို ထောက်ပံ့ပေးရန် လိုအပ်သည်ဟုဆိုသည်။

အချိန်တိုင်းတွင် ၎င်းတို့ကို အရည်အချင်းပြည့်မီသော ကနေဒါလေတပ် (RCAF)မှလေယာဉ်မှူးများက လေကြောင်းဆိုင်ရာ စည်းမျဉ်းများနှင့် နည်းဥပဒေအားလုံးကို လေးစားလိုက်နာပြီး တိုက်ပွဲဝင် တပ်ဖြန့်အသုံးပြုမှုဆိုင်ရာ စည်းမျဉ်းများနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေများနှင့်အညီ တာဝန်ထမ်းဆောင်နိုင်လိမ့်မည်ဖြစ်သည်ဟု ဂျက်ဆီကာလာမီရန်ဒီက ပြောကြားခဲ့သည်။

**Canada to Buy MQ-9 Reaper Drones, Hellfire Missiles From US: Report ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရန်နိုင်ငံက ရေပေါ်ဆင်းသက်ပျံသန်းနိုင်သော စစ်ဘက်သုံးဒရုန်းကို တီထွင်နိုင်ခဲ့

အီရန်နိုင်ငံ အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ် (IRGC) သည် ရေပေါ်ဆင်းသက်ပျံသန်းနိုင်သော စစ်ဘက်သုံးဒရုန်းကို တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း www.thedefensepost.com သတင်းဌာနက စက်တင်ဘာ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဒရုန်းသည် ထောက်လှမ်းခြင်းနှင့် ကင်းထောက်ခြင်းလုပ်ငန်းများကို လေထဲတွင် တစ်ဆက်တစ်စပ်တည်း ၁၅ နာရီကြာ ပျံသန်းလုပ်ဆောင်နိုင်ကြောင်း၊ ထို့ပြင် တိုက်ခိုက်ရေးမစ်ရှင်များကို ပံ့ပိုးပေးရန်အတွက် ဒုံးကျည်များ၊ ဗုံးများနှင့်အခြားလက်နက်များကို သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်ကြောင်း IRGC ရေတပ်ဦးစီးချုပ် ရေတပ်ဗိုလ်ချုပ်ကြီး Ali Reza Tangsiri က ပြောကြားခဲ့သည်။

ရေပေါ်ဆင်းသက်နိုင်သော ဒရုန်းသည် မကြာမီ IRGC ရေတပ်စွမ်းအားစုတွင် တရားဝင်တိုက်ပွဲဝင်အသင့်တပ်ဖြန့် အသုံးပြုလာနိုင်တော့မည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး Tangsiri က ပြောကြားခဲ့သည်။

ဒေသတွင်းတင်းမာမှုများ မြင့်တက်လာချိန်တွင် အီရန်နိုင်ငံသည် ၎င်း၏ကာကွယ်ရေးစွမ်းရည်ကို ဆက်လက်အဆင့်မြှင့်တင်သွားမည်ဟု အီရန်နိုင်ငံအစိုးရတာဝန်ရှိသူများနှင့် ကာကွယ်ရေးထိပ်တန်းခေါင်းဆောင်များက ပြောဆိုခဲ့ကြသည်။

အီရန်နိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့သည် ၎င်းတို့၏စွမ်းဆောင်ရည်နှင့်အင်အားကို အမြင့်ဆုံးအဆင့်တွင် ပိုင်ဆိုင်ထားကြောင်း အခိုင်အမာထုတ်ဖော်ပြောဆိုခဲ့ပြီးနောက် ယခုကဲ့သို့ ရေပေါ်ဆင်းသက်နိုင်သောဒရုန်း တီထွင်ထုတ်လုပ်နေသည်ဟူသော ကြေညာချက် ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

မကြာသေးမီကပြုလုပ်ခဲ့သော စစ်ရေးပြအခမ်းအနားတွင်ပြသခဲ့သည့် စစ်လက်နက်များနှင့် စက်ပစ္စည်းကိရိယာများသည် အီရန်စစ်ဘက်၏ စွမ်းဆောင်နိုင်မှု အပိုင်းအစမျှသာဖြစ်ကြောင်း အီရန်တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Mohammad Hossein Baqeri က ပြောကြားခဲ့သည်။

ရေတပ်သုံးဒရုန်းများအပြင် Tehran သည် ပစ်လွှတ်ခြင်းနှင့် တွန်းကန်အားစနစ်အတွက် သီးခြားအင်ဂျင်နှစ်ခုပါရှိသော ဟိုက်ဘရစ်(မျိုးစပ်) ဒရုန်း (Hybrid



UAV)ကို တီထွင်ထုတ်လုပ်နိုင်ခဲ့သည်ဟုလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

၎င်းသည် ကမ္ဘာပေါ်တွင် အကွာအဝေး စွမ်းဆောင်ရည် အမြင့်မားဆုံး စစ်ဆင်ပျံသန်းနိုင်သည့် ဒရုန်းဟုဆိုထားသည့် ဒရုန်းကိုလည်း ထုတ်ဖော်ပြသထားသော်လည်း ၎င်းစနစ်နှင့်ပတ်သက်သည့် နောက်ထပ်အသေးစိတ်အချက်အလက်များကိုမူ မဖော်ပြထားပေ။

**Iran Claims Development of 'Water-Landing' Military Drone ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မအူပင်မြို့နယ်တွင် ငရုတ်သီးအခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ဈေးကောင်းရရှိ



**မအူပင် စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ငရုတ်သီးအခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မအူပင်မြို့နယ် စားသောက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လက ငရုတ်သီးအခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိသာ ဈေးရှိခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ယနေ့ထိ ငရုတ်သီးအခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါဒေသတွင် ဈေးကောင်းရရှိလာသည့် ငရုတ်သီးအခြောက်များသည် နွေငရုတ်သီးအခြောက် လက်ကျန်များဖြစ်ကြောင်း သိရသည်။

"အရင်လတွေကနဲ့စာရင် အခုလအတွင်း ငရုတ်သီးအခြောက်ဈေးက တော်တော်တက်လာပါတယ်။ လက်ရှိတစ်ပိဿာကို ငွေကျပ် ၁၇၅၀၀ လောက်ထိ ဈေးကောင်းရရှိလာပါတယ်။ လက်ရှိ အရောင်းအဝယ် ကောင်းနေတဲ့အပြင် ဈေးကောင်းပါရရှိလာတာပါ။ လက်ရှိဒေသမှာ နွေငရုတ်သီးအခြောက် လက်ကျန်တွေပဲ အရောင်းအဝယ် ဖြစ်နေတာပါ။ အခုဒေသမှာ ငရုတ်သီးစိမ်းတွေလဲ ထွက်ရှိနေပါတယ်။ လက်ရှိငရုတ်သီးစိမ်း ဈေးကောင်းနေသလို အထွက်နှုန်းကလဲ ကောင်းနေပါတယ်။ အရောင်းအဝယ်ကလဲ သွက်နေပါတယ်။ ဒီနှစ် ငရုတ်စိုက်တောင်သူတွေ အဆင်ပြေနေတာတွေ့ရပါတယ်"ဟု မအူပင်မြို့နယ် စားသောက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ငရုတ်သီးစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသတွင် တောင်သူတစ်ဦးလျှင် ငရုတ်တစ်ဧကမှ ငါးဧကထိစိုက်ပျိုးကြကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# စလင်းမြို့နယ် ကြက်ဟင်းခါးကျွန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**စလင်း စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကြက်ဟင်းခါးကျွန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကြက်ဟင်းခါးကျွန်းကျေးရွာတွင်း လမ်းအရှည် ပေ ၄၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများအားလုံး သတ်မှတ်စံနှုန်းများအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။



စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ကြက်ဟင်းခါးကျွန်းကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဌာနမှအင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၅၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ပြီးစီးပါက ကြက်ဟင်းခါးကျွန်းကျေးရွာရှိ အိမ်ခြေ ၁၁၉ အိမ်၊ လူ ၆၉၆ ဦး အတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများဆောင်ရွက်ရန် ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အထွေး**

# နမ့်စန်မြို့နယ် အမှတ်(၆)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများတိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ အမှတ် (၆) ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းနှင့် ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၆ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အမှတ် (၆)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၂၆ ဒသမ ၄သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် ၂၆ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၃ ဒသမ ၃ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၁ ဦးကို ငွေကျပ် ၅၆ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃၀-၉-၂၀၂၃**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၃၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၃၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ တက်ရောက်



ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အရုဏ်ဆွမ်း ဆက်ကပ် လှူဒါန်းစဉ်။

**နေပြည်တော် စက်တင်ဘာ ၃၀**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဆရာတော်၊သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ပျဉ်းမနားမြို့ မင်္ဂလာဇေယျံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ဆရာတော်၊သံဃာတော်များကချီးမြှင့်သော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှပေးဝေပြီး အနုမောဒနာတရားနာကြား၍ ဆရာတော်၊သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးနီလင်းအောင်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ အမှတ်(၃)မင်္ဂလာကန်တော်တွင် ကျင်းပပြုလုပ်သည့် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီဝိတဒါနငါးလွှတ်ပွဲသို့ တက်ရောက်ကြပြီး မင်္ဂလာကန်တော်အတွင်းသို့ ငါးမြစ်ချင်း ငါးမျိုးစိတ် ငါးသားပေါက်အကောင် ၁၀၀၀၀ ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်)နှင့် Myanmar Fitness Dance ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၃၀**

၂၀၂၃ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)နှင့် Zumba Dance (Myanmar Fintness Dance) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးမိုးလုံလေလုံ အားကစားခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီး အားကစားဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ နည်းပြများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဆုရအသင်းများ၏ ကိုယ်ကာယ ကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)နှင့် Zumba Dance (Myanmar Fintness Dance)၏ တင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီး အားကစားဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းလိုက်ပြိုင်ပွဲ၊ ပြိုင်ပွဲသုံးယောက်တွဲပြိုင်ပွဲ၊ တစ်ဦးချင်းပြိုင်ပွဲနှင့် Zumba Dance(Myanmar Fit-ness Dance)ပြိုင်ပွဲတို့တွင် ပထမ၊ဒုတိယ၊ တတိယဆုရအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကိုလည်းကောင်း၊ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်)တွင် စုပေါင်းတံခွန်စိုက်ဆုရရှိသော မဟာအောင်မြေ ခရိုင်အသင်းကို စုပေါင်းတံခွန်စိုက်ဆုနှင့် ငွေသားဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် စုပေါင်းတံခွန်စိုက်ဆုရရှိသော မဟာအောင်မြေ ခရိုင်အသင်းကို စုပေါင်းတံခွန်စိုက်ဆုနှင့် ငွေသားဆုများ ပေးအပ် ချီးမြှင့်စဉ်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်(၁၀/၂၀၂၃) ထုတ်ပြန်

အပြည်ပြည်ဆိုင်ရာသက်ကြီးသူများနေ့ ပေါ်ပေါက်လာခြင်းသည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၅(၁)အရ အသက်အရွယ်အိုမင်းပြီး မိမိမတတ်စွမ်းနိုင်သော အခြေအနေများကြောင့် အသက်မွေးဝမ်းကျောင်းမပြုနိုင်ခြင်းတို့ဖြစ်ပေါ်ခဲ့လျှင် ဘဝလုံခြုံမှုရပိုင်ခွင့်ရှိရမည်ဖြစ်ပါ၍ အသက် ၆၀ နှစ်အထက်ကို သက်ကြီးရွယ်အိုဟု ကုလသမဂ္ဂ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ကသတ်မှတ်ပြီး ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ် ၄၅/၁၀၆ ဖြင့် အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ (International Day of Older Persons) ဟု အတည်ပြုသတ်မှတ်ခဲ့ပါသည်။ ၁၉၉၉ ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနှစ် (International Year of Older Persons - IYOP)" ဟု ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ် (၄၇/၅) ဖြင့် သတ်မှတ်ခဲ့ပြီး ကုလသမဂ္ဂက နှစ်စဉ် သက်ကြီးရွယ်အိုများအတွက် ဦးတည်ချက်ဆောင်ပုဒ်များ သတ်မှတ်ပေးလေ့ရှိရာ ယခုနှစ် ဆောင်ပုဒ်မှာ "Fulfilling the Promises of the Universal Declaration of Human Rights for Older Persons: Across Generations" (သက်ကြီးသူများဘဝသာယာဖို့ သက်ရွယ်စုံညီပါဝင်လို့ ဝိုင်းဝန်းဖြည့်ဆည်းကြပါစို့) ဖြစ်ပါသည်။

သက်ကြီးရွယ်အိုများ၏ ဘဝလုံခြုံမှုရပိုင်ခွင့်များရရှိစေရန် ကုလသမဂ္ဂအထွေထွေညီလာခံက (၄၆/၉၁) ဖြင့် ချမှတ်ခဲ့သောအခြေခံမူများမှာ သက်ကြီးရွယ်အိုများသည် စားဝတ်နေရေးနှင့် ရုပ်ပိုင်းနှင့်စိတ်ပိုင်း ကျန်းမာရေးစောင့်ရှောက်မှုများရရှိခွင့်၊ အခြားဝင်ငွေရှာဖွေနိုင်သည့် အခွင့်အလမ်းများရရှိခွင့်၊ အသင်းအဖွဲ့များတွင် ပါဝင်ဖွဲ့စည်းဆောင်ရွက်ခွင့်၊ ရေရှည်ဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့အဖွဲ့အစည်း၏ ပညာရေး၊ ယဉ်ကျေးမှုနှင့် အပန်းဖြေမှုဆိုင်ရာအရင်းအမြစ်များ ရရှိသုံးစွဲခွင့်၊ လူ့ဂုဏ်သိက္ခာနှင့် လေးစားထိုက်သူများဖြစ်စေခွင့် စသည့်အခွင့်အရေးများ ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်က အိုမင်းမစွမ်းသူများကို ကြည့်ရှုစောင့်ရှောက်ရမည်ဟု နိုင်ငံတော်၏ အခြေခံမူတွင် ဖော်ပြထားသည့်အပြင် သက်ကြီးရွယ်အိုအသက်ကို ၆၀ နှစ်အထက်ဟု သတ်မှတ်ပြီး အခွင့်အရေးများကိုလည်း သက်ကြီးရွယ်အိုဆိုင်ရာဥပဒေ၌ ဖော်ပြထားပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၁၆ ခုနှစ်တွင် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (South East Asia National Human Rights Institutions Forum - SEANF) အလှည့်ကျဥက္ကဋ္ဌအဖြစ်တာဝန်ယူစဉ် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးနှင့် စပ်လျဉ်း၍ ဖိုရမ်၏ထုတ်ပြန်ချက်တစ်ရပ်ကို ဆောင်ရွက်ခဲ့ပါသည်။

သက်ကြီးရွယ်အိုအရေအတွက် တိုးမြှင့်လာသည်နှင့်အမျှ ၎င်းတို့၏အခွင့်အရေးများကို မြှင့်တင်ကာကွယ်စောင့်ရှောက်ရန် လိုအပ်လာခြင်းကြောင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် သက်ကြီးရွယ်အိုများ၏အခွင့်အရေးများ ပိုမိုသိရှိကျင့်သုံးလာနိုင်ရေးအတွက် သက်ကြီးရွယ်အိုများအား စောင့်ရှောက်ခြင်း(Caregiver) သင်တန်းများသို့ သက်ကြီးရွယ်အိုအခွင့်အရေးများ ဘာသာရပ်သင်ခန်းစာ သွားရောက်ပို့ချလျက်ရှိသည့်အပြင် ဘိုးဘွားရိပ်သာများသို့သွားရောက်၍ ဘိုးဘွားများ၏ အခြေခံလူ့အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးလျက်ရှိပါသည်။

အသက်အရွယ်ကြီးရင့်မှုကြောင့် ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ ချန်လှပ်ခြင်းနှင့် အခြားသောလူ့အခွင့်အရေးချိုးဖောက်မှုများကင်းဝေးပြီး အသက်ရှည်ရှည်နေရုံမျှမက ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်ကြစေရန် အနာဂတ်မျိုးဆက်သစ်လူငယ်များက သက်ကြီးရွယ်အိုများ၏အခွင့်အရေးများကို မြှင့်တင်ကာကွယ်ပေးခြင်းသည် အသက်ကြီးရင့်မှုကိုအလေးထားသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကလည်း သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို မြှင့်တင်ကာကွယ်ရေး ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာသက်ကြီးသူများနေ့တွင် သတင်းထုတ်ပြန်ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်**

# ကျိုက်ထိုမြို့ ကျိုက်ထီးရိုးရင်ပြင်တော်ကျောင်းတိုက်ကြီး၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ပြုလုပ်



ကျိုက်ထိုမြို့ မရမ်းတောင်ကျောင်းတိုက် ဆရာတော်ထံမှ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၃၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့ ကျိုက်ထီးရိုး ရင်ပြင်တော်ကျောင်းတိုက်ကြီး၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်ကြီး၌ပြုလုပ်ရာ ကျိုက်ထိုမြို့ မရမ်းတောင်ကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက မရမ်းတောင်ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ခိုလမ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများကို အာဟာရပြည့်နွားနို့နှင့် ကြက်ဥများတိုက်ကျွေးခြင်း SCHOOL MILK PROGRAM ပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၃၀**

ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များကို ကျန်းမာသန်စွမ်းပြီး ဗလငါးတန်နှင့်ပြည့်စုံ၍ ပညာရေးတွင် ထူးချွန်သည့် လူငယ်လူရွယ်များဖြစ်လာစေရန်၊ နိုင်ငံတော်အတွက် အားကိုးအားထားရသည့် လူငယ်လူရွယ်များဖြစ်လာစေရန် ရည်ရွယ်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် SUNJIN MYANMAR COMPANY တို့ ပူးပေါင်းပြုလုပ်သည့် ကျောင်းသား၊ ကျောင်းသူများကို အာဟာရပြည့်နွားနို့နှင့် ကြက်ဥများတိုက်ကျွေးခြင်း SCHOOL MILK PROGRAM ကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ SUNJIN MYANMAR COMPANY မှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ခိုလမ်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများကို အာဟာရပြည့်နွားနို့နှင့်ကြက်ဥများ ပေးအပ်စဉ်။

ဦးစွာ တိုင်းမှူးက SCHOOL MILK PROGRAM ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကို အာဟာရပြည့်နွားနို့နှင့်ကြက်ဥများကို ပေးအပ်ကြပြီး စာသင်ဆောင်များအတွင်း လိုက်လံကြည့်ရှုခဲ့ကြသည်။

အဆိုပါ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် SUNJIN MYANMAR COMPANY တို့ ပူးပေါင်းပြုလုပ်သည့် SCHOOL MILK PROGRAM တွင် ခိုလမ်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၂၁၉၆ ဦးကို အာဟာရပြည့် နွားနို့ ပိသာ ၂၁၀ နှင့် ကြက်ဥ ၂၁၉၆ လုံးတို့ကို ကျွေးမွေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

# လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ပြည်တွင်းရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၃၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Kan Bo Motorcycle Industrial Co., Ltd. က တင်သွင်းလာသော Kanbo အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များ မပါ)ကို အောက်တိုဘာ ၃၁ ရက်ထိ ရက်တိုးမြှင့် သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဗဟိုကော်မတီမှ**
**အသိပေးကြေညာချက်**

၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် စက်တင်ဘာ ၃၀ ရက်ထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များ မပါ)ကို အောက်တိုဘာ ၃၁ ရက်ထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာနီးနှောဖလှယ်ပွဲ ကျင်းပပြုလုပ်မည်

**နေပြည်တော် စက်တင်ဘာ ၃၀**

အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ၏ အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-conference Workshop)နှစ်ခုကို စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်ထိ တပ်မတော်ဆေးတက္ကသိုလ်၌ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။

မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၃ ရက်မှ ၅ ရက်ထိ ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ(ခုတင်- ၇၀၀)၌ ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ၌ သုတေသနစာတမ်း ၇၂ စောင်၊ သုတေသနလုပ်ဆောင်ချက်ပိုစတာ ၁၁၄ ခု၊ Symposium of the Conference တစ်ခု၊ Major Symposium တစ်ခု၊ Symposium ၂၀ ခု၊ Clinicopathological Conference တစ်ခု၊ Clinical Session တစ်ခု၊ Special Talk ၁၀ ခု၊ Debate တစ်ခုတို့ကို ပြည်တွင်း၊ ပြည်ပမှ သုတေသီများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူ၊ ဆေးမှူးများနှင့်သူနာပြုများက ဖတ်ကြားတင်သွင်းဆွေးနွေးကြမည်ဖြစ်သည်။

မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားထားသည့် အငြိမ်းစားအရာရှိကြီး၊ အရာရှိများ၊ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ နီးနှောဖလှယ်ပွဲအစီအစဉ်တွင်ပါဝင်သည့် အရာရှိကြီးများ၊ အရာရှိများ၊ Symposium၊ စာတမ်း၊ ပိုစတာ Present ပြုလုပ်မည့်သူများမှအပ နီးနှောဖလှယ်ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသည့် အငြိမ်းစားအရာရှိကြီးများ၊ အရာရှိများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့်သူနာပြုများအနေဖြင့် Online မှ တက်ရောက်နိုင်မည်ဖြစ်ပြီး www.dsmrdc.org တွင် ဝင်ရောက်ကြည့်ရှု၍ Registration ပြုလုပ်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

☆ **ကျောဖုံးမှအဆက်**

ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ ယနေ့ညမှ နောက် ၂၄ နာရီအတွင်း ကမ်းရိုးတန်းဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ **(မိုး/ဇလ)**

## မိုင်းယောင်းမြို့အနီး မြေငလျင်လှုပ်ခတ်

**နေပြည်တော် စက်တင်ဘာ ၃၀**

ယနေ့ ညနေ ၃ နာရီ ၀၅ မိနစ် ၄၈ စက္ကန့်အချိန်တွင် နမ့်စန်မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၄၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုင်းယောင်းမြို့၏ အရှေ့မြောက်ဘက် လေးမိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၃၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒသမ ၁၆ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အား ရစ်(ခ်ျ)တာစကေး ၄ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

# မြန်မာငွေ ငါးဆယ်ကျပ်တန်နှင့် တစ်ရာကျပ်တန် ငွေစက္ကူများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




**နေပြည်တော် စက်တင်ဘာ ၃၀**

**လတ်တလော လူမှုကွန်ရက်စာမျက်နှာများတွင် မြန်မာငွေ ငါးဆယ်ကျပ်တန်နှင့် တစ်ရာကျပ်တန် ငွေစက္ကူများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ လာရောက်အပ်နှံကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအမည်ဖြင့် အမိန့်စာတစ်စောင် ထုတ်ပြန်ထားကြောင်း ပျံ့နှံ့လျက်ရှိရာ အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယခုလို ပြန်လည်ပြောကြားပါသည်-**

ကျွန်တော်တို့လည်း ဒီစာကိုတွေ့ရတယ်။ နံပါတ် ၁ အချက်ပြောလိုတာက ဒီစာများသည်မမှန်ပါဘူး။ အတုများဖြစ်ပါတယ်။ ဒီကိစ္စရပ်နဲ့ပတ်သက်ပြီးတော့ ခဏခဏကောလာဟလထွက်ဖူးပါတယ်။ဘယ်ငွေစက္ကူကိုဖျက်သိမ်းလိုက်ပြီတို့၊ ဘယ်လိုမျိုး လုပ်လိုက်ပြီတို့ ဒါအချိန်ကိုက် လုပ်ဆောင်တာပဲဖြစ်တယ်။ ကျွန်တော်တို့ရဲ့ အခြေခံဥပဒေထဲမှာ ပြဋ္ဌာန်းပြီးသား၊ ကျွန်တော်တို့လည်း ပြောပြီးသားဖြစ်တယ်။ ကျွန်တော်တို့သည် နိုင်ငံတော်တာဝန်ကို ရယူထားတာ၊ တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူထားတာသည် အခြေခံဥပဒေအရ ရယူထားတာဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို တပ်မတော်အနေနဲ့ အမြဲတမ်းလေးစားလိုက်နာသွားမှာဖြစ်တယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပုဒ်မ ၃၆ တွင် အတိအလင်းပါပြီးဖြစ်တယ်။ ပုဒ်မ ၃၆ (ဃ)နဲ့ (င) မှာပါပြီးဖြစ်တယ်။ ပုဒ်မ ၃၆ (င) မှာ တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုလို့ အတိအလင်းပြဋ္ဌာန်းပြီး ဖြစ်တယ်။ (ဃ)မှာလည်း စီးပွားရေးဆိုင်ရာ နိုင်ငံပိုင်လုပ်ငန်းများကို နိုင်ငံပိုင် သိမ်းယူခြင်းမပြုလို့ အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်တယ်။ ဒီအခြေခံဥပဒေအတိုင်း ကျွန်တော်တို့က လိုက်နာသွားမှာဖြစ်တယ်။ ကျွန်တော်တို့သည် အခြေခံဥပဒေနဲ့အညီ နိုင်ငံတော်တာဝန်ရယူထားတာဖြစ်တယ်။ အခြေခံဥပဒေကို အမြဲတမ်းလိုက်နာသွားမှာ ဖြစ်တယ်ဆိုတာကို ပထမဦးဆုံး အသိပေးလိုပါတယ်။ နောက်တစ်ချက်က ဘာကြောင့် ဒီလိုမျိုးကောလာဟလတွေဖြစ်လဲ။ ဒါတော့ရှင်းရှင်းလေးပါ။ ဒီမြန်မာနိုင်ငံရဲ့ စီးပွားရေးနဲ့ပတ်သက်ပြီးရင် စီးပွားရေးအရ ထိုးနှက်ချက်တွေရှိတယ်။ ဒေါ်လာငွေဈေး၊ ရွှေဈေးတွေနဲ့ပတ်သက်ပြီးတော့ ဖြစ်သင့်တဲ့ ဈေးနှုန်းထက်မြင့်အောင် လုပ်နေကြတာရှိတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အစိုးရအနေနဲ့ အရေးယူဆောင်ရွက်မှုတွေရှိတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့က ပြည်သူလူထုရဲ့စားဝတ်နေရေး၊ ပြည်သူလူထုရဲ့ သက်သာချောင်ချိရေး၊ ပြည်သူလူထုရဲ့ အခြေခံလိုအပ်ချက်တွေ ဖြည့်ဆည်းရေး အမြဲတမ်းဆောင်ရွက်တာ၊ အမျိုးသားရေးရည်မှန်းချက်အနေနဲ့ ထားရှိပြီးတော့ ဒါကို ဆောင်ရွက်လျက်ရှိတယ်။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး ဒီအတွက်ဆောင်ရွက်တဲ့နေရာမှာ သင့်တင့်တဲ့ ကုန်ဈေးနှုန်း၊ ဖြစ်သင့်တဲ့ ကုန်ဈေးနှုန်းတွေဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိတယ်။ အဲ့ဒီလိုလုပ်တဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ တချို့သော အရေးယူဆောင်ရွက်ရမှုတွေရှိတယ်။ အရေးယူဆောင်ရွက်ပြီးတဲ့ နောက်ပိုင်းမှာ အားလုံးမြင်တဲ့အတိုင်းပဲ ဒေါ်လာဈေး၊ ရွှေဈေး၊ ပြီးရင်အခြေခံစားကုန်ဈေးတွေကျဆင်းလာတယ်။ ဒီအပေါ်မှာမကျေနပ်တဲ့သူတွေလည်းရှိတယ်။ ဒီမကျေနပ်တဲ့လူတွေက စီးပွားရေးအရ ထိုးနှက်ဖို့၊ နိုင်ငံရေးအရထိုးနှက်ဖို့ကို အချိန်ကိုက်လုပ်ဆောင်တာပဲဖြစ်တယ်။ ဒါကြောင့်မလို့ ကျွန်တော့်အနေနဲ့ပြောချင်တာက ငါးဆယ်တန်၊ တစ်ရာတန် ဒီငွေကြေးတွေနဲ့ ပတ်သက်ပြီး နိုင်ငံတော်အနေနဲ့ ဖျက်သိမ်းဖို့မရှိပါဘူး။အခြေခံဥပဒေပုဒ်မ ၃၆ မှာပါတဲ့ နိုင်ငံတော်ရဲ့ တရားဝင်ငွေကြေးတွေကို တရားမဝင်အဖြစ်သတ်မှတ်ခြင်း မပြုဟုဆိုတဲ့အတိုင်း ဆောင်ရွက်လျက်ရှိတယ်။ကောလာဟလတွေပဲ ဖြစ်ပါတယ်။ မိဘပြည်သူများအနေနဲ့ အားလုံးဒီကောလာဟလ သတင်းတွေနဲ့ ပတ်သက်ပြီး မယုံကြည်ကြဖို့ ပြီးရင်နိုင်ငံတော် အနေနဲ့ပြည်သူလူထုနဲ့ သက်ဆိုင်တဲ့ မည်သည့်လုပ်ငန်းကိုပဲ လုပ်သည်ဖြစ်စေ ပြည်သူလူထုကို ကြိုတင်အသိပေးပြီးမှ ကျွန်တော်တို့ဆောင်ရွက်မှာဖြစ်ပါတယ်။ အခြေခံဥပဒေအတိုင်း တိကျစွာ လိုက်နာလျက်ရှိပါတယ်ဆိုတာကို ပြောချင်ပါတယ်။




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

# ရှမ်းပြည်နယ် ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ် ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၉ ရက် ညနေပိုင်းတွင် တောင်ကြီးမြို့ရှိ တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်ကြီးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲအကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တောင်ကြီးတက္ကသိုလ်၊ ရှမ်းပြည်နယ်ပညာရေးရန်ပုံငွေနှင့် ပြိုင်ပွဲအကဲဖြတ်ပညာရှင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# စက်တင်ဘာ ၃၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ငါးဦးတွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၂၃၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၅ ရာခိုင်နှုန်းဖြစ်သည်။ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် စက်တင်ဘာ ၃၀**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**

# စွမ်းရည်ပြည့်ဝသော သမားဇာနည်များ မွေးဖွားရာမြေ

ညောင်ဦးဖိုး



ဆေးပညာအထောက်အကူပြုရုပ်ဝတ္ထုကိုအသုံးပြု၍ ခွဲစိတ်ကုသမှုပညာရပ်များကို လေ့ကျင့်သင်ကြားနိုင်ခြင်းသည် ဆေးဘက်ဆိုင်ရာကျောင်းသားများနှင့် အရိုးရောဂါခွဲစိတ်ဆရာဝန်များအပါအဝင် ခွဲစိတ်ပညာကို လေ့လာသူများအနေဖြင့် လူသားတို့၏ အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည့် ခွဲစိတ်ပိုင်းဆိုင်ရာ ဆေးပညာရပ်များအဖြစ် တပ်မတော်ဆေးပညာ၏သမိုင်းကို တစ်ခေတ်ဆန်းသစ်စေမည်. . .

ခေတ်သစ်ဆေးပညာတွင် ကျန်းမာရေးသိပ္ပံ၊ ဇီဝဆေးပညာ သုတေသနနှင့် ကျန်းမာရေး နည်းပညာတို့ကို အခြေပြု၍ ဆေးပေးခြင်း၊ ခွဲစိတ်ခြင်းနှင့် အခြားကုသမှု နည်းလမ်းတို့ဖြင့် ထိခိုက်မှုဆိုင်ရာ၊ ရောဂါဗေဒဆိုင်ရာတို့ကို ဆန်းစစ်မှုနှင့် ကုသရန် အသုံးပြုလာခဲ့ကြသည်။ ဆေးပညာ၏ဖခင်ကြီးဖြစ်သော "ဟစ်ပိုကရေးတီး (Hippocrates) က ဆရာဝန်များလိုက်နာရန် ကျင့်ဝတ်နှင့် ကျမ်းကျိန်လွှာဖြစ်သော ဟစ်ပိုကရေးတစ် အုတ်သ် (Hippocratic Oath) ကို စတင်မိတ်ဆက်ခဲ့သူဖြစ်ပြီး ယနေ့တိုင် ထိုကျမ်းကျိန်လွှာကို အသုံးပြုလျက်ရှိသည်။

ရှေးခေတ်ဆေးပညာလောကတွင် ဂရိသမားတော် ဂေလင်(Galen)သည် ဦးနှောက်ခွဲစိတ်ခြင်း၊ မျက်စိခွဲစိတ်ခြင်းနှင့် အခြားသောခွဲစိတ်မှုတို့ဖြင့် ရောမခေတ်တွင် ခွဲစိတ်ဆရာဝန်တစ်ဦးအဖြစ် နာမည်ကြီးခဲ့သည်။ ရောမခေတ်တွင် ခွဲစိတ်ကုသသူကို နတ်ဘုရားသဖွယ် အလေးအမြတ်သူကောင်းပြုခဲ့ကြသည်။ ဆေးပညာယူဆချက်များသည် အတွေ့အကြုံပေါ်တွင် အခြေခံသည့်ဆေးပညာအဖြစ် ရာစုအလိုက် အသွင်ကူးပြောင်းခဲ့ပြီး ကမ္ဘာတစ်ဝန်းတွင် စမ်းသပ်လုပ်ဆောင်မှုနှင့် သုတေသနလုပ်ငန်းများသည် လူသားတို့၏အသက်ကို ကယ်ဆယ်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက် ဆေးပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရန် အပြိုင်အဆိုင်စမ်းသပ်ဖော်ထုတ်ခဲ့ကြသည်။ ထိုသို့ စမ်းသပ်ဖော်ထုတ်မှုဖြင့် ခန္ဓာကိုယ်အတွင်းနှင့် အရိုးပိုင်းဆိုင်ရာ အစားထိုးခွဲစိတ်ကုသမှုသည် နိုင်ငံတစ်နိုင်ငံ၏ ဆေးပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု သင်္ကေတတစ်ခုအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ဖော် ပြသကြလေ့ရှိသည်။

**နိုင်ငံတော်ကာကွယ်ရေး စွမ်းပကားမြင့်မားမှုတွင်**

အရိုးရောဂါဘာသာရပ်သည် မြန်မာ့တပ်မတော် ဆေးပညာနယ်ပယ်တွင်လည်း အရေးပါသောကဏ္ဍမှ ရပ်တည်လျက်ရှိပြီး ဆေးပညာရပ်ဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်မှု အခန်းကဏ္ဍသည် အထူးအရေးပါလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားအရိုးပါရဂူများနှင့် ချိတ်ဆက်စုစည်း၍ နိုင်ငံတကာမှဆေးပညာရှင်များနှင့် ဆက်သွယ်ကာ Continuing Medical Education တစ်ရပ်အနေဖြင့် နောက်ဆုံးပေါ် အယူအဆ နည်းပညာများ၊ နည်းစနစ်များကိုသိရှိစေမည့် နိုင်ငံတကာအဆင့် တပ်မတော်ဆေးပညာ နှီးနှောဖလှယ်ပွဲကြီးကို မကြာမီ ကျင်းပတော့မည်ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲတွင် "တိုက်ပွဲဝင် စစ်သည်တိုင်း ကျန်းမာကြံ့ခိုင်ပြီး စိတ်ဓာတ်မြင့်မားနေမှသာ နိုင်ငံတော်ကာကွယ်ရေးကို ကျေပွန်စွာ ထမ်းဆောင်နိုင်မှာဖြစ်လို့ ရဲဘော်တို့လို တပ်မတော်အရာရှိဆရာဝန်တွေရဲ့ ကျွမ်းကျင်မှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေဟာ နိုင်ငံတော်ကာကွယ်ရေးစွမ်းပကား မြင့်မားရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိတယ်ဆိုတာကို ရဲဘော်တို့ သိရှိနားလည်ထားဖို့လိုမှာဖြစ်တယ်"ဟု လမ်းညွှန်မှာကြားခဲ့သည်။

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့သည် တပ်မတော်နှင့်ပြည်သူအတွက် အရိုးပိုင်းဆိုင်ရာ အသားအစားထိုး ခွဲစိတ်ကုသမှုအဆင့်အတန်းကို မြှင့်တင်နိုင်ခဲ့ပြီး တပ်မတော်၏ တိုက်ခိုက်ရေးစွမ်းရည်နှင့် စွမ်းအားကို တစ်ဖက်တစ်လမ်းမှ တိုးမြှင့်လာစေရန် အထောက်အကူအဖြစ်ရည်ရွယ်၍ အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **နိုင်ငံတော်ကာကွယ်ရေး စွမ်းပကားမြင့်မားမှုတွင် ကုသရေးပိုင်းသည် အထူးအရေးပါလျက်ရှိပြီး တပ်မတော်အရိုးရောဂါပညာဌာန၏ အရိုးရောဂါခွဲစိတ်မှု ပညာရပ်သည် အထောက်အကူပြုလျက်ရှိရာ နိုင်ငံတကာအဆင့် အသားအစားထိုး ခွဲစိတ်မှုနယ်ပယ်သို့ တက်လှမ်းလာသော စွမ်းဆောင်ရည်ဖြင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၏ဂုဏ်ကို မြှင့်တင်ပေးလျက်ရှိသည်။**

**မျက်ခြည်မပြတ် လေ့လာဆည်းပူး**

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ဆေးပညာရပ်ပိုင်းသာမက တပ်မတော်၏စစ်ရေးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ၊ စည်းရုံးရေးဆိုင်ရာများကို လေ့ကျင့်ဆည်းပူး၍ အရည်အချင်းပြည့်ဝသော တပ်မတော်သားများအဖြစ် နိုင်ငံနှင့်ပြည်သူကို အလုပ်အကျွေးပြုခဲ့ကြသည်။ တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်ကျောင်းသည် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအတွက် လေ့ကျင့်ရေးသင်တန်းများသင်ကြားရန် ဗဟိုဌာနကြီးသဖွယ်တည်ရှိနေပြီး အဆင့်မြင့် ဆေးပညာရပ်များဖြင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန် အစဉ်ကြိုးပမ်းလျက်ရှိသည်။

တပ်မတော်ဆေးတက္ကသိုလ်မှ ဆေးပညာဘွဲ့ ဆေးမှူးအရာရှိများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုသိပ္ပံဘွဲ့ရ အရာရှိများစွာကို မွေးထုတ်ပေးနိုင်ခဲ့သည့်အပြင် နိုင်ငံတကာအဆင့်မီ သူနာပြုသိပ္ပံဘွဲ့သင်တန်းများကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ **တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့သည် ခေတ်မီတိုးတက်သော ကမ္ဘာ့ဆေးပညာရပ်များကိုမျက်ခြည်မပြတ် လေ့လာဆည်းပူးလျက်ရှိပြီး ယနေ့ IT နည်းပညာခေတ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဆေးပညာဂုဏ်သတင်းဖြင့် ထွန်းလင်းစေလျက်ရှိသည်။**

**အနာဂတ်လင်းရောင်ခြည်များအဖြစ်**

မြန်မာနိုင်ငံတွင် (၂၉)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာနှီးနှောဖလှယ်ပွဲအကြို နိုင်ငံတကာအဆင့်အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၂ ခုနှစ် မေလ ၅ ရက်နှင့် ၆ ရက် တို့တွင် အရိုးရောဂါပညာဌာနက ဦးဆောင်ကြီးမှူး၍ ပြည်တွင်းပြည်ပမှ ဆေးပညာရှင်များနှင့် ပူးပေါင်းကာ "AO PRINCIPLE OF FRACTURE FIXATION BASIC COURSE" ခေါင်းစဉ်ဖြင့် မင်္ဂလာဒုံ အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) သူရမွန်ထော်သက်ညွန့်ခန်းမ၌ အတိုင်ပင်ခံအရိုးခွဲစိတ်ပါရဂူ ဒုတိယဗိုလ်မှူးကြီး ဟိန်းလတ်ဝင်းကဦးဆောင်ကျင်းပခဲ့သည်။

(၂၉)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာနှီးနှောဖလှယ်ပွဲကြီးကိုလည်း မေလ ၉ ရက်မှ ၁၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)တွင် ပြည်ပမှဆေးပညာရှင်များနှင့် ပြည်တွင်းတပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ဆေးပညာရှင်များ၊ အရပ်ဘက်ဆေးပညာရှင်များ ပူးပေါင်း၍ တပ်မတော်အရိုးရောဂါပညာဌာနက ဦးဆောင်ကျင်းပနိုင်ခဲ့သည်။ အကြိမ် (၃၀)မြောက် နိုင်ငံတကာအဆင့် မြန်မာ့တပ်မတော်ဆေးပညာ နှီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့ တွင် မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ် သက်မဲ့ခန္ဓာခွဲစိတ်ကုသလေ့ကျင့်ရေးခန်းမဆောင်တွင် ပြည်တွင်း၊ ပြည်ပမှ ဆေးပညာရှင်များဖြင့် ပထမဆုံးသော ဆေးပညာအထောက်အကူပြု ရုပ်ဝတ္ထု (SILENT MENTOR)ကို အသုံးပြု၍ "Flap Surgery in Combat Medical Care" ခေါင်းစဉ်ဖြင့် အသားအစားထိုး ခွဲစိတ်လေ့ကျင့်ဆွေးနွေးမှုကို တပ်မတော်ဆေးတက္ကသိုလ် အရိုးရောဂါပညာဌာနမှ ပါမောက္ခ/ဌာနမှူး၏ ဦးဆောင်ဦးရွက်မှုနှင့်အတူ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

**ထိရောက်အောင်မြင်စွာ ကုသနိုင်မည့် ဆေးပညာရပ်များကိုရရှိစေ**

အကြိမ်(၃၀)မြောက် နိုင်ငံတကာအဆင့် တပ်မတော်ဆေးပညာနှီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲတွင် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးသုတေသနတပ်မှ တပ်မှူးကြီးများ၊ တပ်မတော်အရိုးရောဂါအငြိမ်းစား ပါမောက္ခတပ်မှူးကြီးများ၊ တပ်မတော်အရိုးရောဂါနယ်ပယ်မှ ပါရဂူကြီးများနှင့် တပ်မတော်အရိုးရောဂါဆရာဝန်များ၊ ဖိတ်ကြားထားသောတပ်မှူးကြီးများ၊ ဆေးတက္ကသိုလ်(၁)(၂)၊ ဆေးတက္ကသိုလ်(မန္တလေး)၊ (မကွေး)တို့မှ ပါမောက္ခများနှင့် ဘွဲ့လွန်ကျောင်းသားများ၊ အိန္ဒိယနိုင်ငံမှ လက်ပိုင်းဆိုင်ရာကုသမှုတွင် ထင်ရှားကျော်ကြားသော ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာမိုဟစ်ရှားမားနှင့် တပ်မတော်မှ ပါရဂူကြီးများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။ ပြည်တွင်းပြည်ပမှ အတွေ့အကြုံရင့်ကျက်သော ပါမောက္ခကြီးများကိုယ်တိုင် ဆေးပညာအထောက်အကူပြုရုပ်ဝတ္ထု(သက်မဲ့ခန္ဓာ)ဖြင့် ပြုပြင်အစားထိုးခွဲစိတ်ကုသမှုနည်းစနစ်များကို လက်တွေ့သင်ကြားပေးခဲ့ရာ လူနာတို့၏ အရိုးရောဂါပိုင်းဆိုင်ရာခွဲစိတ်မှုကို အပြည့်အဝ ကုသနိုင်မည့်အပြင် လူနာများအား အသားအစားထိုးခွဲစိတ်ကုသမှုကို

စာမျက်နှာ ၂၃ သို့

**စာမျက်နှာ ၂၃ မှအဆက်**

တစ်နေရာတည်းတွင် စုဝေးဆွေးနွေးနိုင်ရန်၊ လက်တွေ့အသုံးပြုမည့် ထောက်ပံ့ပစ္စည်းများ စုဆောင်းနိုင်မှုနှင့် Man, Material, Method ပိုင်းဆိုင်ရာ ရင်းနှီးအားထုတ်မှုတို့ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတကာအဆင့် ဆေးပညာနှီးနှောဖလှယ်ပွဲကြီး (Main Conference)ကိုလည်း နိုင်ငံတကာအဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။ ထိုသို့ကျင်းပနိုင်ရန် ဦးဆောင်ဦးရွက် ဆောင်ရွက်ရာတွင် တပ်မတော်ဆေးတက္ကသိုလ် အရိုးရောဂါပညာဌာန ပါမောက္ခ/ဌာနမှူး အတိုင်ပင်ခံ အရိုးခွဲစိတ် ပါရဂူကြီးဦးဆောင်မှုဖြင့် ဆေးပညာရှင်အရာရှိကြီးများ၊ ပြည်ပဆေးပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး တပ်မတော်နှင့် အရပ်ဘက်ဆေးပညာရှင်များ ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု၏ အသီးအပွင့်တစ်ခုအဖြစ် အောင်မြင်မှုရလဒ်ကို ဆွတ်ခူးရရှိခဲ့ခြင်းပင်ဖြစ်သည်။

**ဆေးပညာရပ် ဖွံ့ဖြိုးတိုးတက်မှုသည် သုတေသနနှင့် အလုပ်ရုံဆွေးနွေးပွဲများပေါ် တွင်မူတည်**

အကြိမ်(၃၀)မြောက် နိုင်ငံတကာအဆင့် ဆေးပညာနှီးနှောဖလှယ်ပွဲကို ပြင်ဦးလွင်မြို့ အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)တွင် အောက်တိုဘာ ၃ ရက်မှ ၅ ရက်အထိ ပြည်ပနိုင်ငံများမှ ဆေးပညာရှင်များ၊ ပြည်တွင်းတပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ဆေးပညာရှင်များနှင့် နယ်ဘက်အရိုးရောဂါဆိုင်ရာ ဆေးပညာရှင်များ၊ ပါရဂူများ၊ ဆေးပညာဘွဲ့လွန်၊ ဘွဲ့ကြိုနှင့် ပါရဂူသင်တန်းသားများစုံလင်စွာ နိုင်ငံတကာအဆင့်စုစည်းကျင်းပသွားမည်ဖြစ်ရာ မြန်မာ့တပ်မတော်ဆေးပညာ၏ စွမ်းရည်မြင့်မားမှုကို ကမ္ဘာသို့ ထုတ်ဖော်ပြသနိုင်မည်ဖြစ်သည်။

**အရှေ့အရပ်မှနေဝန်းကြီး ပေါ်ထွန်းလာသည့်ပမာ**

သမိုင်းအစဉ်အလာကြီးမားသော မြန်မာ့တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အသက်၊ သွေး၊ ချွေးနှင့် ကိုယ်လက်အင်္ဂါတို့ကို စွန့်လွှတ်ခဲ့ကြရသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူကြားမှ ပေါက်ဖွားလာသော တပ်မတော်သားများ ဖြစ်သည်နှင့်အညီ နိုင်ငံနှင့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားတပ်မတော်သားများနှင့်အတူ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များလည်း ပေးဆပ်ခဲ့ကြရသည်။

တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးတပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဆေးကုသမှုများတွင် တပ်မတော်ဆေးရုံများနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက အဓိကအခန်းကဏ္ဍမှရပ်တည်လျက်ရှိသည်။ ကိုယ်ခန္ဓာအတွင်း အစားထိုးခွဲစိတ်ကုသမှုပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အရိုးရောဂါ အသားအစားထိုးခွဲစိတ်ကုသမှုတို့တွင် တပ်မတော်အရိုးရောဂါပညာဌာနသည် နိုင်ငံတကာစွမ်းဆောင်ရည်နှင့်အညီ မြင့်မားလာလျက်ရှိသည်။

တပ်မတော်ဆေးတက္ကသိုလ်သည် ထိုသို့စွမ်းဆောင်ရည် မြင့်မားသော တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကို မွေးထုတ်ပေးလျက်ရှိရာ စွမ်းရည်ပြည့်ဝသော သမားဇာနည်များ မွေးဖွားရာမြေဟုလည်း ဆိုရမည်ဖြစ်သည်။ နိုင်ငံတကာအဆင့်ဆေးပညာ နှီးနှောဖလှယ်ပွဲများသည် သမားဇာနည် ရောင်စုံပန်းများ၏ ဥယျာဉ်မှူးများသဖွယ် ဆေးပညာမြေဩဇာမြေနှစ်များကို ပံ့ပိုးပေးလျက်ရှိသည်။

မြန်မာ့တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့၏ အရိုးရောဂါပညာဌာနသည် အရိုးထိခိုက်ဒဏ်ရာ ရရှိခြင်း ပြုစုကုသမှုနှင့်ပတ်သက်၍ အတွေ့အကြုံအများဆုံးဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲများတွင် ထည့်သွင်းကျင်းပသော အာဆီယံအဆင့် အရိုးဆရာဝန်များနှင့် ပြုလုပ်သည့် Webinar ဆွေးနွေးပွဲတို့တွင် အရိုးထိခိုက်ဒဏ်ရာရရှိခြင်းနှင့်ပတ်သက်၍ ဦးဆောင်ကဏ္ဍမှ ဆွေးနွေးနိုင်ခဲ့ခြင်းသည် တပ်မတော်၏ဂုဏ်ကို ဆောင်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ဆေးပညာအထောက်အကူပြု ရုပ်ဝတ္ထု(သက်မဲ့ခန္ဓာ)များကိုအသုံးပြု၍ လေ့ကျင့်သင်ကြား သုတေသနပြုနိုင်ခြင်းသည် နက်ရှိုင်းသော အသားအစားထိုးခွဲစိတ်မှု ဆေးပညာရပ်များကို ပိုမိုသိရှိစေပြီး ကုသမှုပိုင်းစွမ်းဆောင်ရည်ကို မြှင့်တင်ပေးသည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းကုသနိုင်မှုကို ပြသလိုက်ခြင်းဖြင့် ဆေးပညာရပ်များဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာသော မြန်မာ့တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၏ အနာဂတ်ခရီးလမ်းသည် အရှေ့အရပ်မှနေဝန်းကြီး ပေါ်ထွန်းလာသည့်ပမာ ထွန်းလင်းတောက်ပနေမည်ဖြစ်ပြီး ဒေသတွင်းနိုင်ငံတို့အကြား မြန်မာ့တပ်မတော်၏ ဂုဏ်သတင်းသည် သင်းပျံ့မွှေးကြိုင်နေမည်ဖြစ်ပါကြောင်း အကြိမ်(၃၀)မြောက် တပ်မတော်ဆေးပညာနှီးနှောဖလှယ်ပွဲကြီးကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## ကလေးမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အင်ဗိုင်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၂၁၅ ဦးတို့ကို သွေးတိုးရောဂါ၊ အထွေထွေအားနည်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊မျက်စိရောဂါ၊အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့များက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ဟေမာအရှေ့ရပ်ကွက် မဟာဝေယန်ဘုံကျော်မိုးကောင်းကျောင်းတိုက်ရှိ သံဃာတော် ၁၆၅ ပါးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချိုသွေးချိုစစ်ဆေးခြင်း၊ သွေးအုပ်စုများ စစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန်လိုအပ်သော သံဃာတော် ၁၂၆ ပါးတို့ကို နယ်မြေခံဆေးကုသရေးအဖွဲ့က စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ဖူးမြော်ကြည်ညို အားပေးစကားလျှောက်ထားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကိုထပ်ဆင့်မျှဝေခြင်း၊အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့်ပုဒ်မ ၅၀၅-က၊အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Sandar Khin" Face-book အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၂)ရပ်ကွက်နေ စန္ဒာခင်ကို ည ၇ နာရီခွဲတွင်လည်းကောင်း၊ "Hnin Thazin Phyo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဇေယျာသီရိရပ်ကွက်နေ နှင်းသဇင်ဖြိုးကို ည ၉ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကိုဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၂၂၇ ဧက စိုက်ပျိုးပြီးစီး




**မုံရွာ စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၂၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၅၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၂၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် အရာတော်မြို့နယ်မှာ ပဲတီစိမ်းဧက ၁၅၀၀၀ လျာထား စိုက်ပျိုးခဲ့ရာ ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဆက်လက်စိုက်ပျိုးနေကြပါတယ်။ ပဲတီစိမ်း လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုတိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်းမိုးကြို ၁၆၈၂ ဧကနှင့် ပဲတီစိမ်းမိုး ၁၀၅၄၅ ဧက စုစုပေါင်း ၁၂၂၂၇ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ပဲတီစိမ်းမိုးကြိုဧက ၄၀၀၀ နှင့် ပဲတီစိမ်းမိုးဧက ၁၁၀၀၀ စုစုပေါင်းဧက ၁၅၀၀၀ ဖြစ်ကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်းကို ၂၀၂၂ ခုနှစ် မေလမှစ၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဧက ၁၅၀၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# သီပေါမြို့နယ် ကြံခင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သီပေါ စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ကြံခင်းကျေးရွာ၌ ရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်နှင့်တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ကြံခင်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးထွန်းချစ်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ကြံခင်းကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ခန့်ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ငါးပေ၊ အနံငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၀ ဒသမ ၅၅၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် စိမ်းလဲ့လွှာကုမ္ပဏီက ယခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကြံခင်းကျေးရွာရှိ အိမ်ခြေ ၁၃၅ အိမ်၊ လူ ၅၁၄ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



# ပုသိမ်မြို့နယ် မြင်းကကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ် စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြင်းကကွင်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါနှင့် ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၇၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက မြင်းကကွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၄ ဒသမ ၁သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၆ ဦးကို ငွေကျပ် ၂၅ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁ ဒသမ ၉၅သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူလေးဦးကို ငွေကျပ် ၁ ဒသမ ၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၃ ဦးကို ငွေကျပ် ၃၂ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

## စာပေတန်ဖိုး လူအကျိုး

\- ဗလငါးတန် ပြည့်ဝဖို့
ကြိုးစားလို့ စာဖတ်မယ်၊
အချိန်ကို အသုံးချ
နေ့သစ်စကွယ်၊
သုတရသ စာများရယ်
ဉာဏ်ကိုကွယ် အသိတိုး၊
စိတ်ကိုရွှင် ဦးနှောက်ထက်
သွက်လက်ကြီးစိုး။

\- စာပေသည် လူ့ကောင်းကျိုး
သယ်ပိုးပေး ထာဝစဉ်၊
လမ်းကောင်းကို ညွှန်ကာပြ
မိဘအသွင်၊
စိတ်ထားကောင်း အကျင့်ပြင်
ဉာဏ်ရည်ရွှင် ခန္ဓာလှ၊
စာပေသည် ပဲ့ကိုင်ရှင်လို
သွန်သင်ဆုံးမ။

\- လူမှန်ရင် စာဖတ်ကြ
ဘဝလှ ချမ်းမြေ့မယ်၊
အလင်းရောင် ယူဆောင်ပေး
အမှောင်ပြေးတယ်၊
ဘဝရဲ့လမ်းပြကြယ်
ရည်ရွယ်ရာ ပန်းတိုင်အရောက်၊
ဖြစ်တည်နေ ဘဝလမ်းကိုဖြင့်
(စာပေသည်. . .)
ကူညီပြင်မ်းထောက်။ ။

**ချစ်သက်(မြန်မာစာ)**

# အောင်လံမြို့နယ် ကျားမွေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အောင်လံ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျားမွေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် စီမံကိန်းဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံ၍ ကျားမွေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် လည်ပတ်ဆောင်ရွက်နေသည့် တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျပြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးသည်။

ကျားမွေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၂၇ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စတုတ္ထနှစ် စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၂၇ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**မြူလေး**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ပြည်သူလူထု၏ ဆန္ဒကိုဖြည့်ဆည်းလျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့

နှစ်စဉ် အောက်တိုဘာ ၁ ရက်နေ့မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့အမြို့မြို့အနယ်နယ်မှာရှိကြတဲ့ ရဲတပ်ဖွဲ့ဝင်တွေဟာ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေလုပ်ဆောင်နေတာတွေ၊ လူအများရဲ့အသက်ကိုကယ်တင်နိုင်တဲ့စုပေါင်းသွေးလှူဒါန်းမှုတွေစတဲ့လှုပ်ရှားဆောင်ရွက်မှုတွေကို မြင်တွေ့နေရပါတယ်။ သွေးလှူဒါန်းတဲ့နေရာမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေသာမက ရဲတပ်ဖွဲ့ဝင်တွေရဲ့ မိသားစုဝင်တွေပါဝင်လှူဒါန်းခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် ရဲတပ်ဖွဲ့ဝင်အင်အားများစွာနဲ့ ပြည်သူ့ဆေးရုံတွေမှာ၊ ကျောင်းတွေမှာ၊ သန့်ရှင်းရေးလုပ်ဆောင်တဲ့မြင်ကွင်းတွေလဲမြင်တွေ့ရပါတယ်။ ဒါတွေဟာ တကယ့်ကိုကောင်းမွန်လှတဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်ချက်တွေဖြစ်ပါတယ်။

မေ ၁၄ ရက်က ရခိုင်ပြည်နယ်နဲ့ချင်းပြည်နယ်အတွင်းဝင်ရောက်တိုက်ခတ်ခဲ့တဲ့ မိုခါမုန်တိုင်းဒဏ်သင့်ဒေသတွေမှာ ကူညီကယ်ဆယ်ရေးတွေ၊ ပြန်လည်ထူထောင်ရေးတွေလုပ်ဆောင်တဲ့နေရာမှာလဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေအင်အားများပြားစွာနဲ့ပါဝင်ကူညီခဲ့ကြပါတယ်။ မိုခါမုန်တိုင်းမလာခင် ရန်ကုန်ကနေစစ်တွေ၊ ကျောက်ဖြူနဲ့အမ်း စတဲ့မြို့တွေကို တပ်မတော်လေယာဉ်နဲ့ကူညီကယ်ဆယ်ရေးပစ္စည်းတွေ ပို့ဆောင်ရာမှာ လေယာဉ်ပေါ် ပစ္စည်းတွေတင်တဲ့နေရာ၊ လေယာဉ်ပေါ် ချတဲ့နေရာတွေမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေရဲ့အင်အားဟာ အလွန်ပဲများပြားတာတွေ့ရပါတယ်။ ဒါတွေကတော့ ထင်ရှားစွာမြင်တွေ့နေရတဲ့လုပ်ငန်းတွေမို့ ဝမ်းမြောက်ဝမ်းသာဂုဏ်ယူဖွယ်တွေပဲဖြစ်ပါတယ်။

အမှန်တကယ်တော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုတာ မြန်မာနိုင်ငံပြည်သူတွေရဲ့ကောင်းကျိုးကို သယ်ပိုးမယ်၊ ဆိုးကျိုးတွေကိုကာကွယ်ပေးမဲ့အဖွဲ့ဖြစ်ပါတယ်။ ဒါက အများအလွယ်တကူနားလည်အောင်ပြောတာ ဖြစ်ပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေဆိုတာကလဲ ပြည်သူထဲကပေါက်ဖွားလာတဲ့ ပြည်သူတွေပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့မှာ ရဲတပ်ရင်း (၂၁)ရင်းနဲ့ စတင်ဖွဲ့ပါတယ်။ ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့မှာတော့ ပြည်သူ့ရဲတပ်ဖွဲ့ (People Police Force) လို့ အမည်သတ်မှတ်ခဲ့ပါတယ်။ ၁၉၉၅ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့မှာ (Myanmar Police Force) လို့ အမည်ပြောင်းခဲ့ပါတယ်။ ဒ့ါကြောင့်လဲ နှစ်စဉ် အောက်တိုဘာ ၁ ရက်နေ့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အဖြစ်သတ်မှတ်ခဲ့တာဟာ အခုဆိုရင် (၇၉)နှစ်မြောက်အချိန်အခါဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ရည်မှန်းချက်တာဝန်တွေကတော့ **ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး**တို့ဖြစ်ပါတယ်။ ရည်မှန်းချက်တာဝန်(၄)ရပ်နဲ့အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာလုပ်ငန်းတာဝန်ကြီး (၆)ရပ်အဖြစ် **ပြစ်မှုကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားတဲ့ပြစ်မှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်တရားစွဲဆိုရေး၊ ညီးကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး**ဆိုတာကိုလဲ သတ်မှတ်ထားပါတယ်။ ဒါတွေဟာ နေ့စဉ်နဲ့အမျှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ လုပ်ဆောင်နေကြရတဲ့လုပ်ငန်းတာဝန်တွေဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အများပြည်သူလူထုတွေဟာ မိမိတို့ရဲ့ နေ့စဉ်ဖြတ်သန်းရတဲ့ လူမှုဘဝတွေကို စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ ဖြတ်သန်းလိုကြပါတယ်။ အဲဒီလိုဖြတ်သန်းနိုင်ဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေက ဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်သူတွေအနေနဲ့ကလဲ ရဲတပ်ဖွဲ့ဝင်တွေကို ကူညီဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်နိုင်မှသာ ဒုစရိုက်သမားတွေကင်းရှင်းပြီး မှုခင်းတွေ လျော့နည်းလာမှာဖြစ်ပါတယ်။ နေ့စဉ်နေ့တိုင်း ရုပ်မြင်သံကြားနဲ့သတင်းစာတွေမှာ "အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်"ဆိုတာကို ထုတ်လွှင့်ဖော်ပြပေးနေပါတယ်။

"ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။ ၎င်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်"ဒါကတော့ အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူတွေကို အသိပေးနှိုးဆော်နေတာဖြစ်ပါတယ်။

ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုတွေကြောင့်ပဲ အကြမ်းဖက်အဖျက်သမားတွေရဲ့သတင်းတွေကိုရရှိနေတာဖြစ်ပါတယ်။ ဒ့ါကြောင့် နယ်မြေဒေသတော်တော်များများ လက်နက်ခဲယမ်းတွေနဲ့အတူ ဖမ်းဆီးရမိမှုတွေဟာ ဖော်မပြနိုင်လောက်အောင်များပြားလှပါတယ်။ အလားတူပါပဲ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုတွေဟာလဲ များပြားလှသလို ဖမ်းဆီးရမိတဲ့တန်ဖိုးကိန်းဂဏန်းတွေကလဲ ဘီလီယံနဲ့ချီပါတယ်။ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်တွေမှာလဲ

**❖ မြန်မာနိုင်ငံမှာ အများပြည်သူလူထုတွေဟာ မိမိတို့ရဲ့ နေ့စဉ်ဖြတ်သန်းရတဲ့ လူမှုဘဝတွေကို စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ ဖြတ်သန်းလိုကြပါတယ်။ အဲဒီလိုဖြတ်သန်းနိုင်ဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေက ဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်သူတွေအနေနဲ့ကလဲ ရဲတပ်ဖွဲ့ဝင်တွေကို ကူညီဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်နိုင်မှသာ ဒုစရိုက်သမားတွေကင်းရှင်းပြီး မှုခင်းတွေ လျော့နည်းလာမှာဖြစ်ပါတယ်။ ❖**

ဒီအတိုင်းပါပဲ။ မြန်မာအမျိုးသမီးတွေကို ပြည်ပနိုင်ငံခြားသားတွေဆီကို အခကြေးငွေယူပြီး ရောင်းစားလိုက်လို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကယ်တင်ခဲ့ရတာတွေ၊ တရားခံတွေ လူကုန်ကူးမှုနဲ့တရားစွဲဆိုခဲ့တာတွေဟာလဲ များပြားလှပါတယ်။ အင်တာနက်ကနေ ပြည်ပအလုပ်အကိုင်လိမ်လည်မှုတွေကြောင့် ဒုက္ခကြုံတွေ့ရတဲ့သူတွေကို ကယ်တင်ရာမှာလဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုတွေဆောင်ရွက်နိုင်ဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ လုပ်ငန်းစွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နဲ့စစ်ရေးစွမ်းရည်ဆိုတဲ့စွမ်းရည်(၄)ရပ်နဲ့ပြည့်စုံအောင်ဖြည့်ကြရပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ အား(၁၁)ပါးနဲ့လဲ ပြည့်စုံနေအောင် မွေးမြူကြရပါတယ်။ အဲဒီ အား(၁၁)ပါးကို ဖော်ပြရမယ်ဆိုရင် သစ္စာ၊ သမာဓိ၊ သတ္တိပြည့်ဝမှု၊ အမိန့်နာခံမှု၊ စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းကောင်းမွန်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ စွမ်းရည်(၄) ရပ်ပြည့်ဝမှု၊ ကျန်းမာကြံ့ခိုင်မှု၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နိုင်မှု၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းကျွမ်းကျင်မှု၊ ပြည်သူကိုကူညီစောင့်ရှောက်မှု။ ရဲကျင့်ဝတ်(၇၀)ကို လိုက်နာကျင့်သုံးမှုတို့ပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုတာ တပ်မတော်ရဲ့ညီနောင်တပ်ဖွဲ့ဆိုလဲမမှားပါဘူး။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ လိုက်နာရမဲ့အစဉ်အလာကောင်း (၁၂)ရပ်မှာ ပါရှိတဲ့ **"နိုင်ငံတော်တွင်အရေးကြုံတိုင်း နောင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်းလက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်"** ဆိုတဲ့ အချက်နဲ့အညီ တပ်မတော်နဲ့အတူ လက်တွဲပြီး လက်ရှိနိုင်ငံတော်ရဲ့အခြေအနေကို တည်ငြိမ်အေးချမ်းအောင်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့သားသမီးတွေနဲ့ ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းဖြစ်လို့ ပြည်သူ့အပေါ် ကျင့်ဝတ်(၁၀)ပါးကိုလဲ ရဲတပ်ဖွဲ့ဝင်တိုင်း လိုက်နာကြရပါတယ်။ ရဲတပ်ဖွဲ့ဆိုတာ ပြည်သူလူထုကိုဥပဒေနဲ့အညီကာကွယ်ဆောင်ရွက်နေရသလို ရဲတပ်ဖွဲ့ဝင်တိုင်းကလဲ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ အဂတိလိုက်စားမှုဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေဆိုတဲ့ဥပဒေ(၆)ခုကို တိတိကျကျလိုက်နာကြရပါတယ်။

POLICE ဆိုတဲ့စကားရဲ့အဓိပ္ပာယ်ကိုလဲ ဖော်ပြချင်ပါသေးတယ်။

(က) P = Politeness
ယဉ်ကျေးသိမ်မွေ့ခြင်း

(ခ) O = Obedience
အမိန့်နာခံတတ်ခြင်း

(ဂ) L = Loyalty
သစ္စာရှိခြင်း

(ဃ) I = Intelligence
ထိုးထွင်းသိမြင်တတ်ခြင်း

(င) C = Courage
သူရသတ္တိနှင့်ပြည့်စုံခြင်း

(စ) E = Efficiency
အရည်အသွေးတောက်ပြောင်ခြင်း

ဒီကနေ့ခေတ်မှာ ခေတ်မီတိုးတက်လာခြင်းနဲ့အတူ လူတိုင်းမှာဖုန်းကင်မရာရှိနေကြတဲ့အတွက် တစ်နေရာရာမှာ တစ်ခုခုဖြစ်ပျက်တာနဲ့ တန်းပြီးသိနေကြပါတယ်။ ဒ့ါကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ယဉ်ကျေးသိမ်မွေ့ခြင်း၊ အမိန့်နာခံတတ်ခြင်း၊ သစ္စာရှိခြင်း၊ ထိုးထွင်းသိမြင်တတ်ခြင်း၊ သူရသတ္တိပြည့်စုံခြင်းနဲ့ အရည်အသွေးတောက်ပြောင်ခြင်းဆိုတာတွေဟာ တကယ့်ကိုစွဲစွဲမြဲမြဲရှိနေရမဲ့အရည်အသွေးတွေပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ဒီအချက်တွေအတိုင်းပဲ လိုက်နာလုပ်ဆောင်နေတာဖြစ်ပါတယ်။ နိုင်ငံဖြတ်ကျော်မှုခင်းတွေဆောင်ရွက်ရာမှာ တစ်နိုင်ငံတည်းသီးခြားဆောင်ရွက်လို့မရတဲ့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ နိုင်ငံတကာရာဇဝတ်မှုနှိမ်နင်းရေးအဖွဲ့ (INTERPOL- International Criminal Police Organization) ကို ၁၉၅၄ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှာလည်းကောင်း၊ အရှေ့တောင်အာရှနိုင်ငံများ ရဲအဖွဲ့ကို ၁၉၉၈ ခုနှစ် မေ ၂၅ ရက်နေ့မှာလည်းကောင်းဝင်ရောက်ခဲ့ပြီးဖြစ်ပါတယ်။

စာရေးသူဟာ နိုင်ငံသားတစ်ယောက်ဖြစ်တဲ့အတွက် နိုင်ငံသားတစ်ယောက်ရဲ့ခံစားချက်ကိုပြောရမယ်ဆိုရင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က အကြမ်းဖက်အဖျက်သမားတွေကိုဖမ်းဆီးရမိခြင်း၊ မူးယစ်ဆေးဝါးတွေဖမ်းဆီးရမိခြင်းစတဲ့ သတင်းတွေကြားရတိုင်း အလွန်အလွန်ပဲ ဝမ်းသာမိပါတယ်။ ဒါတွေဟာ ပြည်သူတွေရဲ့လူမှုစီးပွားဘဝလုံခြုံရေးအတွက်ဆောင်ရွက်ချက်တွေမို့ဝမ်းသာခြင်းဖြစ်ပါတယ်။ မူးယစ်ဆေးဝါးတွေဖမ်းဆီးရမိတိုင်း လူငယ်မောင်မယ်တွေရဲ့အသက်ပေါင်းများစွာ ကယ်တင်လိုက်တာပဲလို့ခံယူထားပါတယ်။ တစ်ခါတစ်ရံမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေရဲ့ ဆုံးရှုံးမှုသတင်းတွေကြားရရင် ရင်ထဲမှာခံစားရပါတယ်။ နိုင်ငံကောင်းကျိုး သယ်ပိုးနေကြတဲ့သူတွေကို ဘေးရန်ကင်းကင်းနဲ့ တာဝန်ကိုအောင်အောင်မြင်မြင်ထမ်းဆောင်စေချင်တာမျိုးပဲ ကြားသိချင်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ စွမ်းဆောင်ချက်တွေအောင်မြင်လေလေ ပြည်သူတွေစိတ်ချမ်းသာမှုရလေလေဖြစ်ပါတယ်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးသယ်ပိုးထမ်းဆောင်လျက်ရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကြီးနှစ်ပေါင်းရှည်ကြာစွာတည်တံ့ခိုင်မြဲပါစေကြောင်း(၇၉)မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ဂုဏ်ပြုရေးသားလိုက်ပါတယ်။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# တောင်သာမြို့နယ် ရွာသာလေးကျေးရွာတွင် VDP စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တောင်သာ စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရွာသာလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းတာဝန်ခံတို့နှင့်အတူ ရွာသာလေးကျေးရွာတွင် ဆိုလာရေသန့်စင်စနစ်တပ်ဆင်ထားရှိမှုနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ရွာသာလေးကျေးရွာတွင် ဆိုလာရေသန့်စင်စနစ်တပ်ဆင်ခြင်းနှင့် ကွန်ကရစ်လမ်း အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေနှင့် အမြင့် ခြောက်လက်မခင်းခြင်း လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သိန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၇၅ သိန်း အသုံးပြု၍ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာကူညီပံ့ပိုးမှုတို့ဖြင့် စက်တင်ဘာလ ပထမပတ်ကဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။**ချစ်ဦးကို**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ဟင်းသီးဟင်းရွက် ၄၉၅၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဟင်းသီးဟင်းရွက်စိုက်ခင်းကို တွေ့ရစဉ်။

**ကျောက်မြောင်း အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၉၅၅ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် ဟင်းသီးဟင်းရွက် ၄၈၉၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၄၉၅၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကာ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဟင်းသီးဟင်းရွက်သီးနှံ ဧက ၄၈၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားတယ်။ လက်ရှိအချိန်ထိ ဧက ၄၉၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်တယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ စတဲ့ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မုဒုံမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မုဒုံ အောက်တိုဘာ ၃၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ကလော့သော့ကျေးရွာအုပ်စု ကလော့သော့ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မုဒုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာတွင်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ၊ အတိုးနှုန်းနှင့် ချေးငွေကာလသတ်မှတ်ချက်များ စသည့် အကြောင်းအရာများကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိ၊ ရပ်ဖများက စီမံကိန်းကော်မတီဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

မုဒုံမြို့နယ် ကလော့သော့ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရန်ပုံငွေများ ထုတ်ချေးသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

**သုတ**

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလတွင် မွေးမြူရေးအသားစားကြက်ပိဿာချိန် ၁၇၀၀၀၀ ထိတင်ပို့ခဲ့ရ

**ဝါးခယ်မ အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလတွင် မွေးမြူရေးအသားစားကြက် ပိဿာချိန် ၁၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဝါးခယ်မမြို့နယ် ကြက်၊ ဘဲ၊ ကြက်ဥ၊ ဘဲဥရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက မွေးမြူရေးအသားစားကြက်ပိဿာချိန် ၉၁၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ယနေ့ထိ မွေးမြူရေးအသားစားကြက် ပိဿာချိန် ၁၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ဒေသမှအသားစားကြက်များကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှု ကောင်းလာလျက်ရှိသည်။

"အသားစားကြက်တွေကို ရန်ကုန်ဈေးကွက်က စက်တင်ဘာလ ပထမပတ်ကနေစတင်ပြီး ဒီကနေ့ထိ ဝယ်ယူမှုကောင်းလာတယ်။ ဒေသထွက် အသားစားကြက်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ အခုနှစ်ထဲမှာ အသားစားကြက်မွေးမြူတဲ့သူတွေ ထပ်တိုးလာနေတယ်။ ဝယ်ယူမှုကောင်းလာတော့မွေးမြူရေးလုပ်ငန်းရှင်တွေ အဓိကအဆင်ပြေနေတာတွေ့ရပါတယ်။ ဝါးခယ်မြို့နယ်က မွေးမြူရေးလုပ်ငန်းရှင်တွေက အသားစားကြက်နဲ့ ဥစားကြက်ကို ယှဉ်ကြည့်တဲ့အခါ အသားစားကြက်ကို အများဆုံးမွေးမြူကြပါတယ်။ အခု အသားစားကြက်ဈေးနည်းနည်းကောင်းလာပါတယ်" ဟု ဒေါ်မြင့်မြင့်အေးက ပြောပြသည်။



ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မွေးမြူရေးအသားစားကြက် ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၈၅၀၀၀၀ ထိ ဈေးပေါက်ခဲ့ကြောင်း၊ အဆိုပါ မွေးမြူရေးအသားစားကြက်၏ သက်တမ်းသည် ကြက်ပေါက်စတင်မွေးချိန်မှ ရောင်းချိန်ထိ ၄၅ ရက်မှ ရက် ၅၀ ထိ ကြာမြင့်ပြီး ယခင်က ကြက်ပေါက်တစ်ကောင်လျှင် ငွေကျပ် ၅၀၀ မှ ၉၀၀ ထိသာ ဈေးပေးဝယ်ယူမွေးမြူခဲ့ရပြီး လက်ရှိ ကြက်ပေါက်တစ်ကောင်လျှင် ငွေကျပ် ၁၃၀၀ မှ ၁၅၀၀ ထိ ဈေးပေးဝယ်ယူမွေးမြူရကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မောက်မယ်မြို့နယ် နားအုံးကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မောက်မယ် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားအုံးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက နားအုံးကျေးရွာ၌ လမ်းအရှည် လေးဖာလုံ၊ လမ်းအကျယ် ၁၅ ပေနှင့်မြေသား အမြင့် တစ်ပေတစ်လွှာခင်းခြင်း၊ လမ်းအကျယ် ၁၂ ပေနှင့်သဲဖြူန်းအမြင့် ကိုးလက်မခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ အဆိုပါလမ်းပေါ်တွင် Box Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကိုလည်းကောင်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မောက်မယ်မြို့နယ် နားအုံးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၉ ဒသမ ၆၄၅ သန်းဖြင့် Queen's Gambit ကုမ္ပဏီက ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးသူ**



# ချောက်မြို့နယ် ကြိတ်စုမြောက်ကျေးရွာ၌ ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းနေမှု စစ်ဆေး

**ချောက် အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသများရှိ ဒေသထွက်ကုန်သီးနှံမျိုးစုံကို အချိန်မီဈေးကွက်သို့ ရာသီမရွေး တင်ပို့နိုင်ရန်အတွက် ပြည်ထောင်စုရန်ပုံငွေကျပ် ၄၆ ဒသမ ၂၈ သန်းဖြင့် ကြိတ်စုမြောက် ကျေးရွာကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် တာဝန်ရှိသူများသည် ကြိတ်စုမြောက်ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မဥ္ဇူအောင်ကုမ္ပဏီမှ တာဝန်ရှိသူကို ကုန်ထုတ်လမ်းဌာနမှ သတ်မှတ်ထားသောစံနှုန်းများအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားခဲ့သည်။

ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင်ပြည်ထောင်စုရန်ပုံငွေကျပ် ၄၆ ဒသမ ၂၈ သန်းဖြင့် ကြိတ်စုမြောက်ကျေးရွာကုန်ထုတ်လမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို မဥ္ဇူအောင်ကုမ္ပဏီက တာဝန်ယူ၍ ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး အဆိုပါလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပါက ကြိတ်စုမြောက်ကျေးရွာ၊ ကြိတ်စုတောင်ကျေးရွာနှင့် မင်းကန်ကျေးရွာတို့ရှိ အိမ်ခြေ ၇၃၇ အိမ်၊ လူ ၃၃၅၈ ဦးတို့၏ လယ်ယာစိုက်ပျိုးရေးဧက ၁၇၅ ဧကမှ ထွက်ရှိသော ဒေသထွက်ကုန်သီးနှံမျိုးစုံကို ရာသီမရွေး ဈေးကွက်သို့အချိန်မီတင်ပို့ ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အထွေး**



# မွန်မြတ်သောသဒ္ဓါ

ကိုရွှေတောသား(ဆင်ကူး)

(၁)

မိုးရေများက လယ်ကွင်းပြင်တစ်ပြင်လုံး ဖွေးနေရုံသာမက ရွာခြေပတ်ပတ်လည်ထိအောင်ပင် ဝိုင်းနေတော့သည်။ အချို့အိမ်များဆိုလျှင် အိမ်အောက်ထိရေများ လွှမ်း၍နေ၏။ ကျော်မင်းတို့လို ရွာသူ၊ ရွာသားများအတွက်တော့ မထူးဆန်းတော့။ နှစ်စဉ်မိုးကာလရောက်တိုင်း ကြုံတွေ့နေကျပြဿနာ။ ကလေးငယ်များရှိသည့် မိဘများက ကိုယ့်သားသမီး ရေထဲဆင်းမဆော့ကြရန် ကြည့်ရှုကြရ၊ ပြောကြရနှင့် သတိမူနေရသည့်အချိန်။သည်ကြားထဲ ခြင်ကိုက်သည့်အန္တရာယ်ကြောင့် သွေးလွန်တုပ်ကွေးကဲ့သို့ နောက်ဆက်တွဲရောဂါများ ဖြစ်လေ့ရှိသည့်ရာသီမျိုး။ ဝမ်းရောဂါမဖြစ်ပွားအောင် ရေကိုကျိုချက်ပြီး သောက်ကြရန်လည်း လူကြီးသူမများက အထူးပြောကြားကြရသည့်ကာလများပင်ဖြစ်သည်။ တစ်နေ့လုပ်မှ တစ်နေ့စားရသည့်တောသူတောင်သားများဖြစ်ကြသည့် အလျောက် အလုပ်မရှိ၊ အကိုင်မရှိဖြင့် ငွေရေးကြေးရေး ခက်ခဲနေကြချိန်တွင် ကျန်းမာရေးကောင်းနေရန်ကလည်း အထူးဂရုစိုက်နေကြရသည်။ သို့သော် ကျော်မင်းအတွက်ကတော့ ရေထဲမိုးထဲ မဆင်းချင်သော်လည်း ဆင်းရသည်။

"အခုလို မိုးအေးအေးလေးနဲ့ ပုဆိုးခြုံပြီး ကွေးလိုက်ရလို့တော့ကွာ ဇိမ်ရှိလိုက်မဲ့အမျိုး။ ဘယ်ပြောကောင်းမလဲ"ဟု ကျော်မင်းကပြောရာ ကိုသာလှက-

"ဟုတ်ပ ကျော်မင်းရာ၊ အခုအချိန်မှာ ပိုက်ဆံရှိတဲ့ သူဌေးတွေပဲကောင်းတယ်။ စားလိုက်၊ သောက်လိုက်နဲ့ အေးရာအေးကြောင်း နှပ်နေလို့ရတယ်။ တို့ဘဝကတော့ မိုးထဲရေထဲကကို မတက်ရဘူး"

"လုပ်မှ စားရတဲ့ဘဝတွေကိုးဗျ။ မလုပ်ရင်လဲ ငတ်ကုန်တော့မှာ။ အခုလို အလုပ်လုပ်နေတာတောင် ထမင်းဝဖို့အနိုင်နိုင်။ မနည်းကိုမှုတပြီး သုံးစွဲနေရတာ"

"ဟူး. . . "

သက်ပြင်းကိုယ်စီချလျက် မိုးရေပြင်ထဲတွင် လုပ်ရမည့်တာဝန်များကို ဆက်လက်၍ လုပ်ကိုင်နေကြသည်။

(၂)

လယ်ကွင်းပြင်၌ အချို့သောစပါးခင်းများက ရေမြုပ်လုလုဖြစ်နေသည်။ ပိုက်ဆံတတ်နိုင်သည့် လယ်သမားများက လူငှားပြီး လယ်ကန်သင်းဆည်ခိုင်းခြင်း၊ ရေဝင်ရေထွက်ကောင်းအောင် မြောင်းဖောက်ခိုင်းခြင်း၊ စပါးခင်းများထဲက အမှိုက်ပေါင်းမြက်များကို ရှင်းခိုင်းခြင်းများ လုပ်ကြသည်။ သည်အခွင့်အရေးမျိုးဆိုလျှင် ကျော်မင်းတို့က လက်လွှတ်မခံ။ လာခိုင်းသမျှ အလုပ်လက်ခံသည်။ လက်မခံ၍လည်း မဖြစ်။ အလုပ်ခိုင်းသူ အလုပ်ရှင်ရှိမှ ကျော်မင်းတို့ကဲ့သို့ လုပ်ခင်းတောင်ယာမရှိသည့် လက်လုပ်လက်စားသမားများအဖို့ အဆင်ပြေသည်။ မိုးထဲရေထဲတွင် ပေါက်ပြား၊ တံစဉ်၊ ကိုင်းခုတ်ဓားကိုယ်စီဖြင့် ဘဝဝမ်းဝရေး ဖြေရှင်းနေကြရသည်။

"ကျော်မင်းရေ ပိုက်ဆံမရှိပါဘူးဆိုနေမှ အိမ်ကကလေးတွေက ဖေဖေရယ် သားတို့၊ သမီးတို့ကိုတစ်ခါတလေများ ဟင်းကောင်းချက်ကျွေးပါအုံးတဲ့ကွ။ ငါလဲသူတို့က အဲဒီလိုပြောတော့ ရင်ထဲမကောင်းဘူးကွာ။ ငါလဲ မိဘပဲ၊ ကိုယ့်သားသမီးတွေကို ကောင်းကောင်းမွန်မွန်ကလေး ကျွေးချင်တာပေါ့ကွာ။ အခုလိုပြတ်လပ်နေကြတဲ့ ကာလကြီးမှာ ထမင်းတောင်ဝဖို့ အနိုင်နိုင်ကြိုးစားနေရတာ" ဟု ပြောသော ကိုသာလှစကားကို ကျော်မင်း အပြည့်အဝထောက်ခံလိုက်သည်။

ဟုတ်ပေသည်။ ကလေးများပြောလည်း ပြောချင်စရာဖြစ်နေသည်။ တစ်နေ့လာလည်း ချဉ်ပေါင်ဟင်း၊ ငါးပိရည်တို့စရာ၊ ကန်စွန်းရွက် စသည်ဖြင့်သာ လုံးလည်လိုက်ပြီး နေခဲ့ကြသည်။ အသားဟင်းဆိုလို့ ဝက်သား၊ ကြက်သားဟူသည် ဘယ်လိုမျိုးဖြစ်ပါသနည်းဟု မေးကြရတော့မလိုလို ဖြစ်နေတော့သည်။

(၃)

"ကိုကြီး သာလှရေ ခါတိုင်းနှစ်တွေဆိုရင် အခုလို မိုးတွင်းကာလ ရွာတွေ၊ နယ်တွေမှာ ရေကြီးမိုးကြီးလို့ အလုပ်အကိုင်တွေပြတ်လပ်ပြီး ဒုက္ခရောက်နေကြချိန် မြို့ပေါ်က သူဌေးတွေ၊ လူမှုကူညီရေးအသင်းတွေက ကျွန်တော်တို့ ရွာတွေအရောက်ကွင်းဆင်းပြီး ဆန်နဲ့ စားနပ်ရိက္ခာတွေ ပေးလှူတတ်ကြတာဗျ။ အခုနှစ်တော့ မလှူနိုင်ကြတော့ဘူးလားတောင် မသိတော့ပါဘူးဗျာ"

ဝေးလံခေါင်သီလှသည့် ကျော်မင်းတို့ရွာအရောက်ကိုပင် နှစ်စဉ် ယခုကဲ့သို့အချိန်တိုင်း ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ စားနပ်ရိက္ခာများ၊ အဝတ်အစားများ လာပြီးလှူဒါန်းလေ့ရှိသည့် လူမှုကူညီရေးအသင်းများနှင့် အလှူရှင်များကို မျှော်လင့်ရင်းပြောခြင်းဖြစ်သည်။ ထိုသို့လာရောက်၍ ဝေငှလှူဒါန်းသည့်နှစ်များတွင် ကျော်မင်းတို့ကဲ့သို့ ဘဝသမားများအတွက် တစ်ဖက်တစ်လမ်းကပင် အထောက်အကူပြုသကဲ့သို့ လတ်တလောအဆင်ပြေသက်သာရာရကြသည်။ ထိုအခါမျိုး၌ ကျော်မင်းတို့ကဲ့သို့ ဘဝသမားများ ဝမ်းသာမဆုံးဖြစ်ကြသည်။ အလှူရှင်များကို မေတ္တာပို့၍မဆုံး ဖြစ်ကြရသည်။ မွန်မြတ်လှသည့် မြန်မာတို့၏ စေတနာသဒ္ဓါများပင်ဖြစ်သည်။

"အေး ကျော်မင်းရေ မင်းပြောမှ ငါလဲ သတိရတော့တယ်။ အဲ နေအုံး နေအုံး။ အခုမှ ငါသတိရသကွ။ မနေ့ကညနေတုန်းက ရွာသူကြီးနဲ့ရာအိမ်မှူးတွေ ရွာထဲက လုပ်ခင်းတောင်ယာမရှိတဲ့သူတွေရဲ့ အိမ်ခြေစာရင်းတွေ လိုက်ကောက်ကြတယ်လို့ ပြောတယ်ကွ။ ကနေ့ အဲဒါများလားပဲ"

ပြောလည်းပြော ကိုသာလှက သူ့စကားသူ၊ သဘောတကျဖြင့် ပြုံးလိုက်သည်။ ကိုသာလှစကားကြောင့် ကျော်မင်းစိတ်ထဲလည်း ဝမ်းသာသလိုလို ဖြစ်သွားသည်။ ဟုတ်များဟုတ်ပါစေဟု ကြိတ်ပြီးဆုတောင်းလိုက်သည်။

(၄)

စကားတပြောပြောနှင့် အလုပ်ကို အားစိုက် လုပ်နေလိုက်ကြတာ မိုးပင်ချုပ်လုလုဖြစ်သွားသည်။ သည်ကနေ့ ကိုသာလှနှင့်နှစ်ယောက်သား အလုပ်တွဲလုပ်ရသည်က အလုပ်တွင်သည်။ ကိုသာလှကလည်း မခိုမကပ် တတ်သူဖြစ်သည်။ အလုပ်ကိုကြိုးကြိုးစားစား လုပ်တတ်သည်။ စိတ်တူကိုယ်တူ နှစ်ယောက်တွဲပြီး အလုပ်လုပ်ရ၍ ကျော်မင်းလည်းပျော်သည်။ မြက်နုတ်ပေါင်းရှင်းရင်း ဖမ်းမိထားကြသည့် လယ်ပုစွန်လုံးကလေးများနှင့် ငါးရံ့၊ ငါးပြေမ၊ ငါးခေါင်းတိုလေးများကို အညီအမျှ ခွဲယူကြသည်။ လယ်ကွက်ထဲက ကန်စွန်းရွက်ကလေးများ၊ လယ်ပတူပင်နုနုကလေးများကို ခူးကြသည်။ သွားရင်းလာရင်းဖြင့် ညံပွင့်လေးများတွေ့လျှင်လည်း ခူးကြသည်။ အိမ်ရောက်လျှင် ပါလာသမျှပုစွန်လုံးနှင့် ငါးကလေးများကို အိမ်နောက်ဖေးက ချဉ်ပေါင်ရွက်ကိုခူးပြီး ချဉ်ပေါင်ဟင်းတစ်ခွက် ချက်မည်။ ကန်စွန်းရွက်ကိုကြော်မည်။ လယ်ပတူရွက်ကို ဒယ်အိုးကင်းထဲ ဆီအနည်းငယ်ထည့်ပြီးလှော်မည်။ သည်ကနေ့ ရရှိမည့် လုပ်အားခလေးကို မနက်ဖြန်တွင် ဈေးကအသားဟင်းတစ်မည်လောက်ဝယ်ပြီး ကလေးများကို ချက်ကျွေးဦးမည်ဟု ကျော်မင်း တွေးနေမိသည်။ အိမ်အပြန် လမ်းတစ်လျှောက်လုံး မိုးများက သဲသဲမဲမဲ ရွာနေသည်။ မိုးကာအကျႌက စုတ်ပြဲနေပြီး မလုံတော့သဖြင့် ကျော်မင်းတစ်ယောက်ချမ်း၍ ခိုက်ခိုက်တုန်နေသည်။ ပုဆိုးစလွယ်ကွင်းထဲ ကန်စွန်းရွက်၊ လယ်ပတူ၊ ပုစွန်လုံးနှင့်ငါးကလေးများကိုထည့်ပြီး ပခုံးတစ်ဖက်က စလွယ်သိုင်းထားကာ ကျန်တစ်ဖက်တွင် ကိုင်းခုတ်ဓားနှင့်ပေါက်ပြားကို ထမ်းထားရသည်။ တံစဉ်ကို လက်ကကိုင်ရင်း ချမ်း၍အပေါ်သွားနှင့်အောက်သွားရိုက်နေသည့်ကြားထဲက သီချင်းကလေး တညည်းညည်းဖြင့် အိမ်အပြန်လမ်းတွင် ခြေလှမ်းများသွက်နေသည်။

"မိုးရေတက်ရေတဖွေးဖွေး. . . ကွင်းကျယ်အဝေးဝေး. . . လယ်စောင့်တဲကလေးခြေတံရှည်. . . မိုးကုတ်အောက်မှာနေ. . . ကြာဖြူတစ်ပွင့် နီတစ်ပွင့်တဲနှင့်ပန်းတင့်. . . တယ်လို့ မိအေးနဲ့တို့အဖော်တွေကျောင်းကအပြန် လယ်ကွက်ထဲ. . . . မိုးထဲရေထဲပျော်လဲပျော်ခဲ့ပေ. . . "

အဆိုတော် တွံတေးသိန်းတန်သီချင်းကို တွံတေးသိန်းတန်အသံဖြင့် တုပြီးသီချင်းဆိုရင်းပြန်ခဲ့သည်။ အိမ်အရောက်တွင် ကျော်မင်းတစ်ယောက် အံ့ဩသွားရသည်။ အိမ်ပေါ်တွင် ဆန်အိတ်ရယ်၊ ဆီ တစ်ဘူးရယ်၊ ကြက်သွန်၊ ဆားနှင့် အခြားစာဟီရအထုပ်ကလေးများကို တန်းစီပြီးတွေ့လိုက်ရသည်။ အဝတ်အစားတချို့ကိုလည်း အခေါက်လိုက်ကလေး ချထားသည်။ ပြီးတော့ စာအိတ်ကလေးကတစ်အိတ် အံ့ဩစွာဖြင့် ကျော်မင်းငေးကြည့်နေမိသည်။

"ပေပေရီး အဲတာ တားတို့မိတားဇုကို ညို့တတတေးတွေတ ရာပီးလှူတွားတာ ပိုက်ခြံရဲ့တုံးတောင်းပါရယ်တဲ့"

စကားပင် မပီသေးသည့် သားငယ်ကလေးက စကားမပီကလာ ပီကလာလေးဖြင့် အိမ်ပေါက်ဝကနေပြောသည်။ သားဖြစ်သူ ပြောသည့်စကားကို ကျော်မင်းက နားလည်သည်။ သို့သော် အံ့ဩဝမ်းသာမှုများကြောင့် မယုံကြည်နိုင်စွာပင် ဇနီးဖြစ်သူကိုကြည့်လိုက်မိသည်။ ဇနီးဖြစ်သူက အားရဝမ်းသာပြောပြသည်။

"ဟုတ်တယ် အစ်ကိုရေ။ ကျွန်မဖြင့်ဝမ်းသာလိုက်တာမှ ပြောမပြတတ်အောင်ပဲ။ ပိုက်ဆံက သုံးသောင်း၊ ဆန်တွေ၊ ဆီတွေ၊ အင်္ကျီအဝတ်အစားတွေ စုံနေတာပဲ"

ကျော်မင်းတစ်ယောက် ဝမ်းသာမဆုံးဖြစ်ရတော့သည်။ ယခုကဲ့သို့ ကျပ်တည်းနေကြချိန် မြန်မာလူမျိုးများပီပီ စေတနာသဒ္ဓါအားထက်သန်စွာပင် ပေးကမ်းစွန့်ကြဲတတ်ကြသည့်ဓလေ့ရှိသော အလှူရှင်၊ အလှူ့အစ်မများကို ကျေးဇူးတင်မဆုံး ဖြစ်ရတော့သည်။ ကျော်မင်းတစ်ယောက် အပျော်များကြောင့် ခိုက်ခိုက်တုန်အောင်ချမ်းနေသော အအေးဓာတ်များပင် ပျောက်ကွယ်ကာ တစ်ကိုယ်လုံးနွေးထွေးလာသကဲ့သို့ရှိသည်။ ကျော်မင်းတစ်ယောက်တည်းသာမဟုတ် တစ်မိသားစုလုံး အခုအချိန်လေးမှာတော့ ဝမ်းသာပျော်ရွှင်မဆုံး ဖြစ်နေကြမည်မှာ မလွဲကေန်ပင် ဖြစ်ပေလိမ့်မည်။

❖ နှစ်စဉ် ယခုကဲ့သို့အချိန်တိုင်း ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ စားနပ်ရိက္ခာများ၊ အဝတ်အစားများ လာပြီးလှူဒါန်းလေ့ရှိသည့် လူမှုကူညီရေးအသင်းများနှင့် အလှူရှင်များကို မျှော်လင့်ရင်းပြောခြင်းဖြစ်သည်။ ထိုသို့လာရောက်၍ ဝေငှလှူဒါန်းသည့်နှစ်များတွင် ကျော်မင်းတို့ကဲ့သို့ ဘဝသမားများအတွက် တစ်ဖက်တစ်လမ်းကပင် အထောက်အကူပြုသကဲ့သို့ လတ်တလောအဆင်ပြေသက်သာရာရကြသည်။ ထိုအခါမျိုး၌ ကျော်မင်းတို့ကဲ့သို့ ဘဝသမားများ ဝမ်းသာမဆုံးဖြစ်ကြသည်။ အလှူရှင်များကို မေတ္တာပို့၍မဆုံး ဖြစ်ကြရသည်။ မွန်မြတ်လှသည့် မြန်မာတို့၏စေတနာသဒ္ဓါများပင်ဖြစ်သည်။ ❖

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## မင်းသားနှစ်ပါး

မင်္ဂလာပါ သားသားမီးမီးတို့ရေ။ ဦးဦး ဒီတစ်ပတ် ပြောပြမဲ့ပုံပြင်လေးကတော့ "မင်းသား နှစ်ပါး"လို့ အမည်ရတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက တာရာဏသီပြည် ဘုရင်ကြီး တစ်ပါးမှာ သားနှစ်ယောက်ရှိသတဲ့ကွယ်။ သားအကြီး ရဲ့အမည်က "ပါရမီ"လို့ ပေးထားသတဲ့ကွယ်။ နာမည် နဲ့လိုက်အောင် ပါရမီပါတဲ့မင်းသားလေးပေါ့ကွယ်။ ဘယ်အတတ်ပညာမဆို အခုသင် အခုတတ်သတဲ့။ ဘုရင်ကြီးနဲ့ မိဖုရားကြီးကလဲ အလွန်ချစ်မြတ်နိုး တော်မူသတဲ့ကွယ်။ သားအငယ်ရဲ့အမည်က "လုံ့လ" လို့ ပေးထားသတဲ့။ သားငယ်လေးကလဲ နာမည်နဲ့ လိုက်အောင် ဘယ်ကိစ္စ၊ ဘယ်ပညာကိုသင်သင် လုံ့လဝီရိယ စိုက်ထုတ်ရသတဲ့။ ဘာကြောင့်လဲဆိုရင် မင်းသားလေး "လုံ့လ"ဉာဏ်ထိုင်းလို့ပေါ့ကွယ်။ မင်းသားလေး "လုံ့လ"ဘယ်လို ဉာဏ်ထိုင်း ဉာဏ်ထိုင်း မင်းကြီးနဲ့မိဖုရားကြီးက အလွန်ချစ်သတဲ့။

တစ်နေ့မှာ မင်းသားတို့တတ်အပ်တဲ့ ပညာရပ်တွေ ကိုသင်ယူဖို့ မင်းကြီးဟာ သားတော်နှစ်ပါးစလုံးကို ဒိသာပါမောက္ခဆရာကြီးဆီပို့လိုက်သတဲ့။ ဆရာကြီး ဆီမှာ အနယ်နယ်အရပ်ရပ်ကနေ ပညာလာသင်ယူကြ တဲ့ တပည့်တွေကလဲ အများကြီးပဲကွယ်။ မင်းသား "လုံ့လ"ဟာ ဆရာကြီးဆီရောက်ရောက်ချင်း အဖိုးတန် ပစ္စည်းတွေနဲ့တကွ လာရောက်ဂါရဝပြုသတဲ့။ မင်းသား ကြီး "ပါရမီ"ကတော့ ဆရာကြီးဆီ ချက်ချင်းမလာဘဲ မြို့ထဲကို အလည်အပတ်ထွက်နေသတဲ့။

နောက်တစ်နေ့မှာတော့ ဆရာကြီးဟာ မင်းသား နှစ်ပါးခေါ်ပြီး စောင်းငြင်း စတဲ့ကဗျာလင်္ကာအတတ် ကို သေချာသင်ပေးသတဲ့။ ပါရမီပါတဲ့ မင်းသားကြီး "ပါရမီ"က စောင်းငြင်း စတဲ့ကဗျာလင်္ကာ အတတ် တွေကို ချက်ချင်းတတ်မြောက်ပေမဲ့ မင်းသားလေး "လုံ့လ"ကတော့ ချက်ချင်းမတတ်မြောက်ဘူးပေါ့ကွယ်။ ဒါကြောင့် ဆရာကြီးဟာ စိတ်ရှည်ရှည်နဲ့ မင်းသားလေး တတ်မြောက်တဲ့ထိ သင်ပေးတာပေါ့။ အဲဒီလို ဆရာ ကြီးသင်ပေးတာကို မင်းသားကြီး "ပါရမီ"က စိတ် မရှည်တော့ဘဲ ညီတော်မင်းသားငယ်ကို "ညီတော်လုံ့လ၊ မင်းသား ဒီလောက်တုံးအနေတာ ငါတို့မျိုးရိုးအတွက် သိက္ခာကျတယ်ကွာ မင်းသားမရှက်ဘူးလား"လို့ ညီတော်မင်းသားငယ်ကို ပြက်ရယ်စကားပြောဆိုပြီး ဆရာကြီးရှေ့ကနေထွက်သွားသတဲ့။

မင်းသားငယ်လေးကတော့ အစ်ကိုတော်စကားကို အလေးမမူဘဲ ဆရာကြီးရဲ့ သင်ပြမှုကိုအာရုံစူးစိုက် ပြီး သင်ယူတာပေါ့။ ညဘက်ရောက်လို့ တခြားသူတွေ



နဲ့အစ်ကိုတော်"ပါရမီ"တို့ အိပ်နေချိန် မင်းသားလေး ကမအိပ်ဘဲ နေ့ဘက်က ဆရာကြီးသင်ကြားပေးတဲ့ ပညာတွေကို လေ့လာကျက်မှတ်သတဲ့။ ဒိသာပါမောက္ခ ဆရာကြီးဟာ နောက်တစ်နေ့မှာ မင်းသားနှစ်ယောက် ကိုခေါ်ပြီး ဒူးလေးအတတ်ကို သင်ပေးတာပေါ့။ မင်းသားကြီး "ပါရမီ"က လွယ်လွယ်ကူကူတတ်ပေမဲ့ မင်းသားငယ် "လုံ့လ"ကတော့ ချက်ချင်းမတတ်ဘူး ပေါ့ကွယ်။ ဆရာကြီးဟာ မင်းသားနှစ်ပါးရဲ့ အရိပ် အခြည်ကိုကြည့်ပြီး မင်းသားကြီး"ပါရမီ"ကို ဒူးလေး အတတ် လေ့ကျင့်နေဖို့ပြောသတဲ့။ ဒါပေမဲ့ မင်းသား ကြီးက ဆရာကြီးကို "ဟာ ဆရာကြီးကလဲ တတ်ပြီး သားအတတ်ပညာကို ထပ်မလုပ်ချင်ဘူး။ ကျွန်တော် သွားကစားတော့မယ်" လို့ပြောပြီး ဆရာကြီးရှေ့ကနေ ထွက်သွားသတဲ့။

အဲဒါနဲ့ ဆရာကြီးက "ဩော် ပါရမီ ပါရမီ တတ်တဲ့ပညာ မလေ့လာ၊ မလေ့ကျင့်ရင်တော့ တစ်နေ့ဒုက္ခနဲ့ တွေ့တော့မယ်"လို့ ရေရွတ်သတဲ့ကွယ်။

ဆရာကြီးကတော့ မင်းသားကြီး "ပါရမီ"ထက် မင်းသားလေး "လုံ့လ"ကို ပိုပြီးချစ်မြတ်နိုးသတဲ့။ မင်းသားလေး"လုံ့လ"ကလဲ သင်ပြီးသားပညာရပ်တွေ ကို အချိန်အခါမလပ် ထပ်ကာထပ်ကာ လေ့ကျင့်နေ တာပေါ့ကွယ်။ မင်းသားနှစ်ပါးဟာ သုံးနှစ်သုံးမိုး ဒိသာပါမောက္ခ ဆရာကြီးထံမှာ ပညာတွေသင်ယူပြီး တာရာဏသီပြည်ကို ပြန်လာပြီးနောက် မကြာခင်မှာ မင်းကြီးက သားတော်နှစ်ပါးအား သင်ယူလာခဲ့တဲ့ ပညာရပ်တွေကို ယှဉ်ပြိုင်စေရာ ပုဏ္ဏားတွေကို အကဲဖြတ်ဒိုင်လုပ်စေတယ်။

မင်းသားနှစ်ပါးကို အမေး၊ အဖြေ လုပ်တဲ့အခါ မင်းသားငယ် "လုံ့လ"က အခက်အခဲမရှိဖြေဆိုနိုင်သတဲ့။ မင်းသားကြီး "ပါရမီ"ကတော့ သင်ပြီးသားပညာရပ်ကို ထပ်ကာထပ်ကာမလေ့ကျင့်မိတော့ ဘယ်အတတ်ပညာ ကိုမှ တိတိကျကျမဖြေနိုင်ဘဲ ပုဏ္ဏားတွေရှေ့မှာ အရှက် ကွဲရသတဲ့။ ဒို့ပြင် စောင်းငြင်းအတတ်၊ ဒူးလေးအတတ်၊ သိတမန်အတတ်တွေမှာလဲ မင်းသားငယ်"လုံ့လ"က တစ်ဖက်ကမ်းခပ် တတ်မြောက်ပေမဲ့ မင်းသားကြီး "ပါရမီ"ကတော့ ဘယ်အတတ်ပညာကိုမှ ဖြစ်ဖြစ် မြောက်မြောက် မတတ်မြောက်ဘူးပေါ့ကွယ်။ မင်းသား နှစ်ပါးရဲ့ အခြေအနေကို မင်းကြီးသိတဲ့အခါ မင်းသား နှစ်ပါးစလုံးကိုခေါ်ပြီး ဆုံးမသတဲ့။

"သားကြီး "ပါရမီ" သားတော်ဟာ ပါရမီပါတယ် ဆိုပြီး ပညာတွေကို ပြန်မလေ့ကျင့်တော့ အချိန်ကြာ လာတာနဲ့အမျှ မေ့ပျောက်သွားတယ် သားတော်။ မင်းသားလေး "လုံ့လ"က ပညာကို ကြိုးစားသင်ယူ တယ်၊ အချိန်မှန် ထပ်ကာထပ်ကာလေ့ကျင့်တော့ မမေ့ဘဲ သင်ထားတဲ့ပညာအားလုံး မှတ်မိတာပေါ့။ ဒါကြောင့် သားတော်"ပါရမီ" ကိုယ့်မှာ ပါရမီပါတယ်ဆိုပြီး မာန် မာနမကြီးဘဲ ကြိုးစားပါ။ အောင်မြင်မှုတွေရပါလိမ့် မယ်"လို့ ဆုံးမသွန်သင်သတဲ့ကွယ်။ မင်းသားကြီး "ပါရမီ"လဲ ကိုယ့်ရဲ့အမှားတွေကိုသိပြီး ညီတော်ကို ပြောခဲ့ဆိုခဲ့တာတွေအတွက် တောင်းပန်သတဲ့ကွယ်။ အဲဒီနေ့ကစပြီး ညီအစ်ကိုနှစ်ယောက်ဟာ ချစ်ချစ် ခင်ခင်နေထိုင်သွားသတဲ့ကွယ်။ ပုံပြင်လေးကတော့ ဒါပါပဲသားသားမီးမီးတို့ရေ။

ဒါကြောင့် ပါရမီတွေ ဘယ်လောက်ပါပါ တတ်ပြီး သားပညာတွေကို ထပ်ကာထပ်ကာမလေ့ကျင့်ရင် ပညာ တွေ မေ့ပျောက်တတ်ကြောင်း၊ ကိုယ်ဟာမှတ်ဉာဏ် ဘယ်လောက်နည်းနည်း ပညာတွေကို ကြိုးစားသင် ယူပြီး ထပ်ကာထပ်ကာလေ့ကျင့်ရင် အောင်မြင်မှုရနိုင် ကြောင်း မင်းသားလေး"လုံ့လ"ကိုအတုယူပြီး နိုင်ငံ့ အကျိုးသယ်ပိုးဆောင်ရွက်နိုင်တဲ့ သားသားမီးမီးတွေ ဖြစ်ကြပါစေကွယ်။

**မောင်ပုည(ဟသ်ာတမြေ)**

## ထန်းရွက်ပုတီး

♦ ထန်းရွက်နုလေး ခူးလာပြီ
ပုတီးလုပ်ဖို့ရည်၊
ကျန ညီညီ ခေါက်ချိုးသေး
လိုရာပုံလေးပေး။

♦ ပုတီးလုံးလေးချစ်စရာ
ကြိုးဖြင့်သီလို့သာ၊
လည်တိုင်မှာ စွပ်ယူကုံး
လှယဉ်ကြော့မဆုံး
ညီမလေး ရွှင်ချိုပြုံး။ ။

**စတ္တာနွယ်**



## ဆွမ်းအလှူခံ

♦ ကြေးစည်သံလေး ဝေဝေစီ
ဆွမ်းခံကြွလာပြီ၊
အရှေ့ဆီမှ ရောင်နီလင်း
အရုဏ်နံနက်ခင်း။

♦ မောင်ပဥ္စင်းနဲ့ ကိုရင်ငယ်
တန်းစီကြွလာတယ်၊
အိမ်တိုင်းရှေ့ဝယ် ဆွမ်းထွက်လောင်း
ကြည်နူးစရာကောင်း။

♦ ကျောင်းသားလေးများ ဆွမ်းချိုင့်ပြင်
တစ်လမ်းထွက်လို့ဝင်
ကုသိုလ်ရှင်များ နိုးဆော်လို့
ဆွမ်းအလှူခံဖို့။ ။

**သာလွန်(နတ်မောက်)**



အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

## ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၀၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄



## အရည်အသွေးမြင့်မား တာယာ မှာ

TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

## TRISTAR TYRE



CYCLE TYRE



CAR TYRE






နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၆၄၂၇၂၈၄၄၊ ၀၉ ၅၅၇၂၀၀၀၅၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၀၀

THE BEST QUALITY TYRE



## ဝန်ထမ်းအလိုရှိသည်

မန္တလေးမြို့တွင် လုပ်ကိုင်ရန်

- အလုပ်ကြမ်းလုပ်သား (၈) ဦး

ဆက်သွယ်ရန်/ နာရီစင်အနီး

ဖုန်း/ 09-986260350

(နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်းဆက်သွယ်ရန်)


## စာပေမြင့်မှ လူမျိုးတင့်မည်

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## ခြင်ဆေးခွေ သုံးလျှင် သတိယူ၍ အောက်တွင် ခံခွက် မမေ့နှင့်

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧယျာဝတီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စည်းကမ်းဟူသည် တူညီသည့် သွင်ပြင်လက္ခဏာ၊ နေထိုင်လှုပ်ရှားမှုများရရှိရန် ကန့်သတ်ထားမှုများဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် မတ် ၆ ရက်တွင် ပြုလုပ်သော ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ကြေး ခံစားခွင့်ပြုသွားမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကိုထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်(ကြည်း၊ရေ၊လေ) ဝန်ထမ်းများ၏ စားဝတ်နေရေးသက်သာချောင်လည်မှုရှိစေရန်အတွက် လက်ရှိလစာအပြင် အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၃၀၀၀၀(သုံးသောင်း) နှုန်းဖြင့် လစဉ်ခံစားခွင့်ပြုသွားမည်ဖြစ်သည်။

အလားတူ အစိုးရဌာနများနှင့်အဖွဲ့အစည်းများရှိ နေ့စားအလုပ်သမားများ၏လုပ်ခကို အလုပ်ချိန်တစ်နေ့ ၈ နာရီအတွက် လက်ရှိသတ်မှတ်ထားသော လုပ်ခ ကျပ် ၄၈၀၀(ကျပ်လေးထောင့်ရှစ်ရာတိတိ) အပေါ်တွင် အပိုထောက်ပံ့ကြေးအဖြစ် ၁၀၀၀ ကျပ်(တစ်ထောင်ကျပ်တိတိ) ထပ်မံခံစားခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အပိုထောက်ပံ့ကြေးခံစားခွင့်ပြုမည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း အမိန့်ကြော်ငြာစာထုတ်ပြန်ထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

## ၅၀ ကျပ်(ငါးဆယ်ကျပ်)နှင့် ၁၀၀ ကျပ်(တစ်ရာကျပ်)တန် ငွေစက္ကူများရုပ်သိမ်းကြောင်း ထုတ်ပြန်ချက်များသည် မဟုတ်မမှန်သော သတင်းမှားများသာဖြစ်

**သတင်းထုတ်ပြန်ချက်**

လူမှုကွန်ရက်စာမျက်နှာများနှင့် အင်တာနက် Website များတွင် ဖြန့်ဝေနေသော ၅၀ ကျပ်(ငါးဆယ်ကျပ်)နှင့် ၁၀၀ ကျပ်(တစ်ရာကျပ်)တန်ငွေစက္ကူများကို ရုပ်သိမ်းကြောင်း တရားဝင်ငွေအဖြစ်မှ ရပ်စဲကြောင်း ထုတ်ပြန်ချက်များသည် မဟုတ်မမှန်သော သတင်းမှားများသာဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆ (င)အရ "နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသောငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု"ဟု အတိအလင်းဖော်ပြထားပြီးဖြစ်ပါသည်။ ဤကဲ့သို့ အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေရန် သတင်းမှားများဖြန့်ဝေသူများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်ဟန့်တားသော ပြစ်ဒဏ်များချမှတ်နိုင်ရန် တရားဥပဒေ စိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**(၃၀-၉-၂၀၂၃)**


## အားကောင်းသော လေဖိအားနည်းရပ်ဝန်းအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၃၀**


ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေတို့ကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

သို့ဖြစ်ပါ၍ ယနေ့ညမှ နောက် ၂၄ နာရီအတွင်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ်

စာမျက်နှာ ၁၉ ကော်လံ ၄ ☆




MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေသြဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257